www.burmeseclassic.com

# ကမ္ဘာ့အကြီးဆုံးစာအုပ်



လူထုဒေါ်အမာ

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြု - ၂၉၀/၉၄ (၆)

မျက်နှာဖုံးခွင့်ပြု - ၇၉၉/၉၄ (၁၂)

ပထမနှိပ်ခြင်း - ၁၉၇၃ ခု၊ အောက်တိုဘာလ

ဒုတိယနှိပ်ခြင်း - ၁၉၇၅ ခု၊ မတ်လ

တတိယနှိပ်ခြင်း - ၁၉၈၅ ခု၊ မေလ

စတုတ္ထနှိပ်ခြင်း - ၁၉၉၀ ခု၊ ဇွန်လ

ပဉ္စမနှိပ်ခြင်း - ၁၉၉၅ ခု၊ မတ်လ

အုပ်ရေ - ၃၀၀၀

တန်ဖိုး -

မျက်နှာဖုံး - ဆူးငှက် ဒီဇိုင်းဆင်တယ်

ထုတ်ဝေသူ

ဦးအောင်ညွန့်၊ ထွန်းရင်စာပေ (မြဲ ၀၆၄၃)

၈၃ လမ်း၊ မန္တလေး။

ပုံနှိပ်သူ

ဒေါ်တင်ဝင်း၊ ကြီးပွားရေးပုံနှိပ်တိုက် (မြဲ ၀၃၁၉၆)

၈၄ လမ်း၊ မန္တလေး။


မန္တလေးမြို့ ဓမ္မဗိမာန်မှာ

၁၃၃၄ ခု နတ်တော်လဆန်း ၁ ရက် (၆-၁၂-၇၂) နေ့က

ကျင်းပတဲ့

နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ်ပွဲမှာ

လုထုဒေါ်အမာ ပတ်ကြားတဲ့စာတမ်း

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့
## အကြီးဆုံး
## စာအုပ်

စာတစ်အုပ် "ကြီးလိုက်တာ" ဆိုရင် ဘယ်လောက်ကြီးအထိကြီးတာကို မြင်ဖူးပါသလဲလို့ မေးရင် ဒီက ကျွန်မတို့ မိတ်ဆွေတွေဖြင့် ဘယ်လိုဖြေကြမယ် မသိဘူး။ ကျွန်မတွေ့ဖူးတဲ့ စာအုပ်ကြီးကဖြင့် ကြီးလိုက်သမှ သူ့စာတစ်ရွက်, တစ်ရွက်ဟာ အနံ ၃ ပေခွဲ၊ အလျား ၅ ပေ ရှိပြီး စာတစ်ရွက်ရဲ့ ထုက ၅ လက်မ၊ ၆ လက်မ ရှိတာမို့ စာမျက်နှာ ၁၄၆၀ ရှိတဲ့ ဒီစာအုပ်ကြီးရဲ့ စာရွက် ၇၃၀ ကို ထပ်မထားနိုင်ဘူး။ ထပ်ထားလိုက်ရင် အထပ် ၂၀ ရှိတဲ့ မိုးထိတိုက်တစ်လုံးလောက် မြင့်နေမှာမို့ မြေဧက ၁၃ ဧက ကျယ်ဝန်းတဲ့ လေးထောင့်စပ်စပ် မြေကွက်ကြီးထဲမှာ တစ်ရွက်စီ စိုက်ထူထားရပါတယ်။

စာရွက်ကြီး ကြီးတာကတော့ ဟုတ်ပါပြီ။ ဒီလောက်ကြီးတဲ့ စာရွက်ပေါ်မှာ ဧရာမစာလုံးကြီးတွေနဲ့ စာတွေကျဲကျဲ ရေးထားတာမျိုးလားမေးရင် မဟုတ်ပါဘူး။ ဒီစာရွက် ၇၃၀၊ စာမျက်နှာ ၁၄၆၀ ပေါ် မှာရှိတဲ့စာတွေကို စာအုပ်ရိုက်လိုက်တော့ ဂရိတ်ပရိုင်မာ စာလုံးနဲ့ ရှိုင်ရယ် ၈ ချိုးဆိုက် စက္ကူပေါ်မှာ စာမျက်နှာ ၄၀၀ တစ်ဝိုက်ရှိတဲ့ စာအုပ်ကြီးပေါင်း ၃၈ အုပ်ထွက်ရှိပြီး ဒီစာတွေကို တစ်ချိန်က သံဃာ ၂၄၀၀ နေ့မနား၊ ညမနား အသံမစဲ အလဲနဲ့ ရွတ်ဖတ်တဲ့အခါ ၅ လနဲ့ ၃ ရက်ကြာမှ ပြီးဆုံးသွားခဲ့ဖူးပါတယ်။

ဒါကြောင့် လူတစ်ယောက် တစ်နေ့ ၈ နာရီ မနားတမ်း နေ့တိုင်း မှန်မှန် ဖတ်သွားနိုင်တယ်ဆိုရင်ဖြင့် ၁ နှစ်နဲ့ ၃ လလောက် ဖတ်ရမယ့် စာအုပ်ကြီး ဖြစ်ပါတယ်။

ဒေါ်အမာပြောတာ ဟုတ်ပါ့မလား၊ ဘယ်မလဲ ဒီစာအုပ်ကြီးဆိုတာက၊ တကယ်ပဲဆိုရင်ဖြင့် ဒီစာအုပ်ကြီးဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးစာအုပ်ကြီး ဖြစ်နေမှာပေါ့လို့ မေးချင်ကောင်း မေးချင်ကြပါလိမ့်မယ်။

ဒီလိုမေးလာရင် ဟုတ်ပါတယ်။ ဒီစာအုပ်ကြီးဟာ ကမ္ဘာမှာ အကြီးဆုံး စာအုပ်ကြီးပါ။ ဒီစာအုပ်ကြီး ရှိတဲ့နေရာကတော့ လူဦးရေ အများဆုံး၊ လူ့ယဉ်ကျေးမှု သမိုင်းအရှည်ဆုံးဆိုတဲ့ တရုတ်ပြည်ကြီးမှာလည်း မဟုတ်ပါဘူး၊ ဧရာမ ကျောက်ရုပ်ကြီးတွေ ပိရမစ်ခေါ်တဲ့ ကျောက်သင်္ချိုင်းဂူကြီးတွေရှိတဲ့ အီဂျစ်ပြည်မှာလည်း မဟုတ်ပါဘူး။ ကျောက်မဏ္ဍပ်၊ ကျောက်အားကစားဗိမာန်ကြီး တွေရှိတဲ့ ရောမတိုင်းမှာလည်း မဟုတ်ပါဘူး။ ဒီကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ကျွန်မတို့ မြန်မာပြည်မှာပဲ ရှိတယ်။ ကျွန်မတို့ မြန်မာပြည်က ဒီ မန္တလေးမြို့မှာပဲ ရှိပါတယ်လို့ ဖြေပါရစေ။

www.burmeseclassic.com



မန္တလေးတောင်ခြေက 'မဟာလောကမာရဇိန်' လို့ ဘွဲ့တပ်တဲ့ မင်းတုန်းမင်းတရားကြီးရဲ့ ကုသိုလ်တော်ဘုရားကြီးထဲမှာ ဒီ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ရှိပါတယ်။

ဒါကြောင့် ကျွန်မတို့ ငယ်ငယ်က ဒီစာအုပ်ကြီးရဲ့ စာရွက်ကြီးတွေကြားထဲ တူတူပုန်းတမ်းလည်း ကစားဖူးတယ်။ စာရွက်ကြီးတွေ စိုက်ထူထားတဲ့ ကျောက်စာဝိုကြီးတွေကို လှည့်ပတ်ပြေးရင်း ပြေးတမ်း လိုက်တမ်းလည်း ကစားဖူးတယ်။

အသက်အရွယ်ကြီးလာတော့ ဓမ္မရတနာ ဘုရားနှုတ်ကပါဌ်တော်တွေကို ပူဇော်တဲ့အနေနဲ့ စာရွက်ကြီးတွေရဲ့ထိပ်မှာ ဖယောင်းတိုင်တစ်တိုင်စီ ထွန်းပြီးတော့လည်း မီးပူဇော်ခဲ့ဖူးတယ်။ ဒီထက်ကြီးပြန်တော့ ဒီစာအုပ်ကြီး တည်တဲ့ ခိုင်မြဲသထက် ခိုင်မြဲပါစေတော့ဆိုတဲ့ စေတနာနဲ့ စာရွက်ကျောက်ဖျာတွေ စိုက်ထူထားတဲ့ ဝိုရဲ့အခြေပတ်လည်ကို ကျောက်သေးရိုက် အင်္ဂတေကိုင်တဲ့ အလှူကိုလည်း တတ်အားသမျှ လှူခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံကို ဒုတိယကမ္ဘာစစ်မီးကြီး လောင်မြိုက်တော့ မန္တလေးမြို့က တချို့စစ်ပြေးဒုက္ခသည်တွေဟာ အဝေးကျေးရွာတွေထိအောင် မပြေးနိုင်ရှာကြဘဲ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားတွေကိုတော့ဖြင့် စစ်ရှူးတွေက သက်သက်မဲ့ ဗုံးကြဲတိုက်ခိုက်ခြင်း မပြုတန်ရာဘူးဆိုပြီး ကုသိုလ်တော်ဘုရားထဲက ဒီ ကျောက်စာဝိုကြီးတွေထဲလာပြီး စစ်ဘေးစစ်ရန်က ခိုကိုးနေလိုက်ကြတာ စစ်တစ်ခေတ်လုံး သုံးနှစ်ကျော်ကျော်ကြီး ကြာကြတယ်။ စစ်ကြီးပြီးတော်မှ နေစရာ အိုးအိမ် မထူထောင်နိုင်သေးသူတွေက ဆက်လက် ခိုကိုးနေလို့ ဘုရားလူကြီးတွေက ဘုရားအတွင်း သန့်ရှင်းရေးအတွက် မနည်းကြီး မေတ္တာရပ်ခံပြီး ဖယ်ရှားခိုင်းခဲ့ရတယ်။

ကမ္ဘာ့အကြီးဆုံးနဲ့ ကမ္ဘာ့အလေးဆုံးဖြစ်တဲ့ ဒီစာအုပ်ကြီးဟာ အခု အနှစ် ၁၀၀ ကျော်ပြီဖြစ်ပေမယ့် အဆွေးအမြည့် အပျက်အစီး မရှိသေးဘူး။ အကောင်းပကတိအတိုင်း ရှိပါတယ်။ ဒီကမ္ဘာ ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်သူကမဆို ဗုဒ္ဓရဲ့ ပိဋကတ်သုံးပုံနဲ့ပတ်သက်လို့ တိုက်ဆိုင်ကြည့်ချင်တယ်၊ နှိုင်းယှဉ်ကြည့်ချင်တယ်ဆိုရင်ဖြင့် လာခဲ့ပါ။ ဘယ်သူ့ကိုမဆို အချိန်မရွေး တိုက်ခွင့်၊ ဖတ်ခွင့်၊ ကြည့်ခွင့်၊ ကူးခွင့် ပေးထားပါတယ်။ သူ့အလိုဆိုရင်ဖြင့် ပိဋကတ်တိုက်ရဲ့ တံခါးတောင် ပိတ်ထားဖို့မလိုတဲ့ စာအုပ်ကြီးပါ။ သူက



စာအုပ်သာ ဆိုရတယ်၊ သူများငှားသွားပြီး ပြန်မပေးမှာလည်း မစိုးရဘူး၊ ဆွဲဆုတ်ယူထားလိုက်မလားလို့လည်း မပူရဘူး၊ ဘယ်သူယူသွားမှန်းမသိလို့ စာအုပ်ပျောက်သွားတာမျိုးလည်း မဖြစ်နိုင်ဘူး။ အထားမှားလို့ ရှာမတွေ့မယ့် စာအုပ်မျိုးလည်း မဟုတ်ဘဲဟာကိုး။



[illegible]

ပြီးတော့ ခိုင်လိုက်မယ့်အမျိုးကလည်း ဆိုးဝါးယုတ်မာတဲ့နယ်ချဲ့စစ်မျိုးရဲ့ ဘေးဒဏ်သာ မခံရဘူးဆိုရင် နောင်ကို နှစ်တွေ ထောင်နဲ့ချီပြီး အကောင်းပကတိအတိုင်း တည်တံ့ ခိုင်မြဲနေဦးမှာပါ။

ဒီစာအုပ်ကြီးကို လှူခဲ့တဲ့ ကုသိုလ်ရှင်ကြီးက သူ့စာအုပ်ဟာ ကမ္ဘာတည်သရွေ့ တည်တံ့လိမ့်မယ်လို့တောင် မျှော်မှန်းခဲ့ပါတယ်။ ဒီ မျှော်မှန်းချက်က များလွန်းတယ်လို့လည်း မပြောသာပေဘူး။ ဘာလို့လဲဆိုတော့ စာတွေရေးသားထားခဲ့တာက စက္ကူပေါ်မှာလည်း မဟုတ်ဘူး၊ ပေရွက်ပေါ်မှာလည်း မဟုတ်ဘူး။ သားရေတို့၊ ဝါးတို့၊ အရိုးတို့ စတဲ့ ပစ္စည်းတွေပေါ်မှာလည်း မဟုတ်ဘူး။ အလွန် မာကျောတဲ့ ကျောက်ဖျာ ကျောက်ပြားကြီးတွေပေါ်မှာ ရေးထွင်းခဲ့တာ ဖြစ်ပေသကိုး။

လွန်ခဲ့တဲ့ အနှစ် ၁၀၀၀ ကျော်က ကျောက်စာတွေ ကနေ့တိုက်ထိ ဖတ်လို့ ရနေသေးတာတွေ အများကြီးရှိပါတယ်။ ဒါတောင် အဲဒီကျောက်စာတွေဟာ နေထဲ လေထဲ၊ မြေထဲ ရေထဲမှာ အဖုံးအကာမရှိ ထားပစ်ခဲ့တဲ့ ကျောက်စာတွေပါ။ ကျောက်စာရဲ့သဘောက ထိမိခိုက်မိရင် ကွဲမယ်၊ ကွဲမယ်။

www.burmeseclassic.com



ပုံမယ်။ ဒီလိုမဟုတ်လို့တော့ ဆွေးတတ်တာမှ မဟုတ်ဘဲ။ အဲဒီတော့ ကျောက်ပြား တစ်ချပ်ကို အုတ်ဂူတစ်ခုနဲ့ မိုးလုံနေလုံထားတဲ့ ကျောက်ဖျာကြီး အလျား အနံ ၅ ပေ–၄ ပေခွဲကို မြေဝင် ၁ ပေကျော်နဲ့ စိုက်ထားပြီး အထူ ၆ လက်မရှိတဲ့ဟာကြီးတွေ ဘယ်မှာ တော်တော်နဲ့ ပျက်စီးလိမ့်မတုံး။ ဒီ စာအုပ်ကြီးမှာ ဘာတွေရေးထားသလဲဆိုတော့ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတဲ့ ပိဋကတ်တော် သုံးပုံစလုံးအပြင် နေတ္တိကျမ်း၊ မိလိန္ဒပဉ္ဇာနဲ့ ပေဋကောပဒေသကို ပါဠိဘာသာ မြန်မာအက္ခရာ စာလုံးဝိုင်းနဲ့ ရေးထွင်းထားတာ ဖြစ်ပါတယ်။

## ကုသိုလ်ရှင်

ဒီစာအုပ်ကြီး ဖြစ်မြောက်အောင် ဦးစီးလှူဒါန်းတဲ့ ကုသိုလ်ရှင်ကတော့ မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဖြစ်တဲ့ မင်းတုန်းမင်းတရားကြီးပါ။ မင်းတုန်းမင်းဟာ ၁၂၁၄ ခု၊ (၁၈၅၂ ခု) မှာ နန်းတက်တယ်။ ဘုရင်ဖြစ်လို့ ၈ နှစ်အကြာမှာ ဗုဒ္ဓဘာသာ အကြာကြီးတည်တံ့ ထွန်းလင်းစေချင်တဲ့အတွက် "ရှေးက ဘယ်မင်းမှ မလှူဘူးတဲ့ အလှူမျိုး" ကို လှူမယ်ဆိုပြီး ဒီအလှူကို ဦးစီး လှူခဲ့တာဖြစ်ပါတယ်။

မန္တလေးမြို့ကို တည်တော့မယ်ဆိုတော့ မြို့သစ်မှာ တစ်ပြိုင်နက် ပန္နက်ချပြီး တည်ဆောက်ရမယ့် အဆောက်အအုံ ၇ ခု သတ်မှတ်ပါတယ်။ '[1]မြို့၊ ကျုံး၊ စေတီ၊ သိဂ်ီလျှံမောင်း၊ သိမ်၊ ကျောင်း၊ သုဓမ္မာ၊ ရွှေစာအမြတ်၊ ပိဋကတ်တိုက်၊ သမိုက်မြဲမှန်၊ ခုနစ်တန်ကို၊ ဆော်ဖန် အောင်စည်၊ တပြိုင်တည်က' ဆိုတဲ့ အမှတ်အသားအတိုင်း ၁။ နန်းမြို့ကြီး၊ ၂။ ကျုံး၊ ၃။ မဟာလောကမာရဇိန် စေတီတော်၊ ၄။ ပဋ္ဌာန်းဟောရွှေသိမ်၊ ၅။ အတုမရှိကျောင်း၊ ၆။ သုဓမ္မာဇရပ်၊ ၇။ ပိဋကတ်တိုက်တော်တို့ကို ၁၂၂၀ ခု ကဆုန်လပြည့်ကျော် ၆ ရက်နေ့မှာ ပထမဆုံး တစ်ပြိုင်နက် ပန္နက်ရိုက်ပြီး တည်ဆောက်ခဲ့ပါတယ်။ အဲဒီအထဲက မဟာလောကမာရဇိန် ဘွဲ့ချီတဲ့ ကုသိုလ်တော်စေတီကြီးရဲ့ မဟာရံတံတိုင်း သုံးထပ်အတွင်းမှာ ဒီပိဋကတ်တော် ကျောက်စာတွေကို စိုက်ထူထားခဲ့ပါတယ်။

[1] ကင်းဝန်မင်းကြီးရေးတဲ့ ရွှေကိုယ်တော်ကြီး မင်္ဂလာချင်းထဲက




ကုသိုလ်ရှင် မင်းတုန်းမင်းတရားကြီး

ကုန်းဘောင်ခေတ် မြန်မာရှင်ဘုရင်တွေ တည်ထား လှူဒါန်းခဲ့တဲ့ ဘာသာရေး အဆောက်အအုံကြီးတွေ အများအပြား ရှိခဲ့တဲ့အထဲမှာ မင်းကွန်းဘက်က မြသိန်းတန်စေတီတော်ဟာ ရှုမငြီးအောင် အခင်းအကျင်းနဲ့တကွ အတည်အလုပ်မှာ လှပကောင်းမွန်သလို မန္တလေး ကုသိုလ်တော်ဘုရားနဲ့ ပိဋကတ်တော် ကျောက်စာဂူတွေရဲ့ အနေအထား အခင်းအကျင်းကလည်း မြင်ရသူတိုင်း ကြည်နူးချမ်းမြေ့ မှုနှင့် ကြည်ကြည်ညိုညို သဒ္ဓါစိတ်ပေါက်ရတဲ့ ပုံစံမျိုး ဖြစ်ပါတယ်။

မင်းတုန်းမင်းကြီးဟာ မြန်မာနိုင်ငံ တစ်ပိုင်းတည်းကိုသာ အုပ်ချုပ်မင်းလုပ်ရတော့တဲ့ ဘုရင်တစ်ပါး ဖြစ်ပေမယ့် တိုင်းတစ်ပါးမင်း အင်္ဂလိပ်၊ ပြင်သစ် စတဲ့ အစိုးရတွေ ခန့်ညားလေးစားရတဲ့ မင်းလည်းဖြစ်တယ်။ တိုင်းသူပြည်သား လူအများက ချစ်ခင်ကြည်ညိုခြင်းကို အများဆုံးခံရတဲ့ မင်းတစ်ပါးလည်း ဖြစ်ပါတယ်။

ဒီ ဘုရင်ကြီးဟာ ဒီအလှူကို ဘာသာရေးယုံကြည်ချက်အပြင် နိုင်ငံရေး အမြော်အမြင်လည်းပါရှိလို့ လှူတာလို့လည်း ယုံကြည်မိပါတယ်။ ဘာပြုလို့လဲ ဆိုတော့ မင်းတုန်းမင်းကြီး အုပ်စိုးနေချိန်က အောက်မြန်မာနိုင်ငံကို သိမ်းထားပြီး ဖြစ်တဲ့ နယ်ချဲ့သမား ဗြိတိသျှက "မြန်မာရှင်ဘုရင်ဆိုတာ အလွန်ရက်စက် ကြမ်းကြုတ်တယ်၊ မြန်မာမင်းအုပ်ချုပ်ပုံဟာ ညံ့ဖျင်းလွန်းတယ်" စတဲ့ ဝါဒမှိုင်းတွေ မြန်မာပြည်သူတွေအပေါ် လှိုင်လှိုင်ကြီး တိုက်နေတဲ့ အချိန်ပါ။ အဲဒီလိုအချိန်အခါမှာ မင်းတုန်းမင်းတရားကြီးက အမျိုး၊ ဘာသာ၊ သာသနာကို ပြန့်ပွား

www.burmeseclassic.com

www.burmeseclassic.com



စည်ပင်အောင် တို့အချင်းချင်းကသာ လုပ်တော့မယ်ပါ။ မိစ္ဆာအယူရှိတဲ့ နိုင်ငံခြားသား တွေလက်အောက်မှာ ဘာကို မျှော်လင့်နိုင်မှာတုံး ဆိုတာကို မြန်မာတိုင်းသူ ပြည်သားတွေ သိစေချင်မှာ အမှန်ပါ။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးစိတ်ဓာတ် မြန်မာတွေရဲ့စိတ်ထဲမှာ ခိုင်ခိုင်မြဲမြဲရှိနေအောင် သာသနာပြု မင်းတစ်ပါးအနေနဲ့ ပိဋကတ်တော်တွေကို ကျောက်ထက်အက္ခရာတင်တာ၊ အဲဒါပြီးတော့ ပဋ္ဌမသင်္ဂါယနာတင်တာ၊ တခြား ရေတွက်ကုန်နိုင်ခမန်း မရှိတဲ့ အလှူအမျိုးမျိုးတွေ ပေးလှူတာနဲ့ ထိန်းသိမ်းထားတဲ့လက္ခဏာ ရှိပါတယ်။



ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ရိုက်ထုထားတဲ့ ကုသိုလ်တော်ဘုရား

မင်းတုန်းမင်းကြီးဟာ ပဒေသရာဇ်ရှင်ဘုရင် ဆိုပေမယ့် တိုင်းသူပြည်သားအားကို ယုံကြည်ချစ်ခင်တဲ့ဘုရင်၊ တစ်နည်းပြောရရင် ပြည်သူ့အားကို ယုံတဲ့ဘုရင်၊ သူ့ကို ပြည်သူက ကောင်းကောင်းထောက်ခံတယ်လို့ သိတဲ့ဘုရင်ကြီး ဖြစ်ပါတယ်။

သူ့နန်းသက် ၁၄ နှစ်အရမှာ ပေါ်ပေါက်တဲ့ သူပုန်မှုကြီးဟာ အလွန်ကြီး၊ အလွန်ကြောက်စရာကောင်းတဲ့ အမှုကြီးပါ။ ဒါပေမယ့် ဒီအမှုကြီးကို မင်းတုန်းမင်းကြီး ကိုင်တွယ် ဖြေရှင်းလိုက်ပုံဟာ သူ့ခေတ်နဲ့သူ အင်မတန် အမြော်အမြင်ကြီးတယ်လို့ သိရပါတယ်။ သက္ကရာဇ် ၁၂၂၈ ခုမှာ သူ့သားတော်



မြင်ကွန်းမင်းသားနဲ့ တူတော် ပတိမ်းမင်းသားတို့က အလစ်မှာ လူသူအပြည့်အစုံနဲ့ ဘုရင်ကြီးနဲ့ တစ်ဖွဲ့လုံးကိုသတ်ပြီး ထီးနန်းလုယူဖို့ စံနန်းတော်ကို တစ်ခါတည်း ဝင်စီးပြီး လုပ်ကြံဖို့ ကြိုးစားတယ်။ အဲဒီမှာ ဗြိတိသျှကို ခံချမယ့်မင်းသားလို့ ပြည်သူက ယုံကြည်ကိုးစားတဲ့ မင်းတရားကြီး အားကိုးအားထားပြုရတဲ့ ညီတော် ကနောင်မင်းသား အိမ်ရှေ့မင်း အသတ်ခံရတယ်။ တခြား မှူးမတ်များနဲ့ မင်းညီမင်းသားတွေလည်း အတော်များများ အသတ်ခံလိုက်ရတယ်။ ဘုရင်ကြီးတောင်မှ စည်းရုံးရေးကောင်းလွန်းလို့ ရန်သူ့ဓားဖျားမှာ အသက် ပါမသွားတာ ဖြစ်တယ်။ မြင်ကွန်းမင်းသားတို့လူစုက ဘုရင် ဒီအပေါက်က ထွက်ပြေးလာရင် ဒီဓားနဲ့ လုပ်ကြံဟဲ့လို့ ပိုက်ကြီးဆိုတဲ့ ဘက်တော်သားတစ်ယောက်ကို တာဝန်ပေးပြီး ထွက်ပြေးလာတန်ရာတဲ့ အပေါက်က အစောင့်ခိုင်းထားပြီးသား။ မင်းတရားကြီးကလည်း သူပုန်များ တွက်တဲ့အတိုင်းပဲ ပိုက်ကြီးဓားကိုင်စောင့်တဲ့ အပေါက်က ထွက်လာခဲ့တယ်။ မင်းတရားကြီး ဒီလိုထွက်လာလို့ ပိုက်ကြီးက ဓားနဲ့ခုတ်လိုက်မယ့်အလုပ်မှာ မင်းတရားကြီးက "ဟဲ့ နင်ငပိုက်မဟုတ်လား" လို့ နှုတ်ဆက်လိုက်တော့ ငပိုက်လည်း အံ့အားကြီးသင့်သွားပြီး မခုတ်ဝံ့ မခုတ်ရက် ဖြစ်ရုံမက ဓားပစ်ချပြီး "ကျွန်တော်မျိုး အချီတော်ဆက်ပြီး လွတ်ရာ ပို့ပါရစေပါဘုရား" လို့ လျှောက်ပြီး ဘေးကင်းရာသို့ သူ့ကျောနဲ့ပိုး ပြေးပို့ရတော့သတဲ့။ ဒါကြောင့် အသက်ဘေးက လွတ်သွားတာဖြစ်တယ်။ ဒီသူပုန်မှုကြီးကို မင်းတုန်းမင်းကြီး ၂ လကြာ နှိမ်နင်းယူရပါတယ်။

အဲဒီ ပုန်ကန်မှုကြီး ပြီးပြေတဲ့အခါ မင်းတုန်းမင်းကြီးက ဘယ်မင်းမှ မပြုဘူးသေးတဲ့ 'အဘယဒါန' ဆိုတာကိုပြုပြီး သူပုန်ဘက်ပါသူတွေ အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါတယ်။

ဒီအမှုကြီးအပြီးမှာ မင်းတုန်းမင်းကြီးရဲ့ ကြေညာချက်က –

"၁၂၂၈ ခုနှစ်၊ သားတော်မြင်ကွန်းသား၊ တူတော် ပတိမ်းသားတို့ ခြားနားရိုင်းပြစဉ်အခါ၊ နှစ်ကြောင်းနှစ်ပ၊ ပုန်ကန်ခြားနားရာ ပါဝင်သူ အပေါင်းတို့ကို အရေးတော်ပြီးပြေကာလ၊ ကျွန်တော်မျိုး ပြည်သူပြည်သား အပေါင်းတို့သည် ငါ၏ကျေးဇူးတော်ကို ချေပလိုခြင်းအားဖြင့် ပါဝင်ကြသည် မဟုတ်၊ ရုတ်ခြည်း ရှောင်တခင် အထင်မှားယွင်းသဖြင့် ပါမိပါရာ ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



ကြခြင်းမျှသာ ဖြစ်သောကြောင့် သူပုန်ဘက်ပါသူ၊ ကြံစည် ပေါင်းသင်းခြားနားခုခံရာ ပါသူ ဟူ၍ စွဲမှတ်ခေါ်ဝေါ်ခြင်း မရှိစေရ။

ကျွန်တော်မျိုးချည်း ဖြစ်ကြသည့်အတိုင်း ပါဝင်မိသူတို့၏ စိတ်နှလုံး၌ နှောင့်နှေးကြောင့်ကြမှု မြေချမ်းသာစွာ နေထိုင်ကြစေ။"

လို့ လွှတ်ငြိမ်းခွင့်ပေးလိုက်ပါတယ်။ သူ့အုပ်ချုပ်ရေးအပေါ် သူ့ ယုံကြည်မှု၊ တိုင်းသူပြည်သားအပေါ် သူ့ ယုံကြည် သက်ညှာမှု သိပ်ကြီးမားတယ်ဆိုတာ ထင်ရှားစေတဲ့ အမိန့်ပါ။ နယ်ချဲ့သမား တအားတက်စေမယ့် အပြုအမူမျိုးကို သတိကြီးကြီးနဲ့ ရှောင်ရှားနိုင်တယ်လို့လည်း ဆိုရမှာပေါ့။



မဟာလောကမာရဇိန်ဘွဲ့ရှိ ကုသိုလ်တော်ဘုရား

အဲဒီ မင်းတုန်းမင်းကြီးက သူ့နန်းသက် ၈ နှစ်အရမှာ အထက်ထက်က မင်းတွေ ဘယ်မင်းမှ မလှူခဲ့ဘူးတဲ့ ကုသိုလ်တစ်ခုကို ပြုမယ်ဆိုပြီး ပိဋကတ်တော်သုံးပုံလုံးကို ကျောက်ပေါ်မှာ ရေးထွင်းပြီး ကျောက်ပြားပေါ်က စာအဖြစ်နဲ့ ကျောက်ထက်အက္ခရာ တင်ထားခဲ့လို့ ကမ္ဘာ့အကြီးဆုံးနဲ့ အခိုင်ဆုံး စာအုပ်ကြီး ကူနဲ့မတို့မြန်မာပြည်မှာ ရှိနေတာ ဖြစ်ပါတယ်။



## ကျောက်ထက်အက္ခရာတင်ပုံ

မင်းတုန်းမင်းကြီးက ဘုရားနှုတ်ကပါဠ်တော်တွေကို ကမ္ဘာတည်တာနဲ့အမျှ မပျောက်မပျက် တည်ရှိနေအောင်၊ သာသနာ ပတဲ့အချိန်အထိ တည်စေဖို့ ကျောက်ပေါ်မှာ ရေးထိုးထားခဲ့ချင်တာဆိုတော့ ပိဋကတ်တော်ကျောက်စာဟာ အမှားအယွင်းကင်းတဲ့မှု ဖြစ်ရမယ်။ ကင်းအောင်လည်း လူ့လုံ့လ၊ လူ့အစွမ်းနဲ့ ဖြစ်နိုင်တာကို အားလုံး လုပ်ဆောင်မယ်ဆိုပြီး ဆရာတော်၊ သံဃာတော်တွေနဲ့ စည်းဝေးတိုင်ပင်ပြီး သူ့ခေတ် သူ့အခါက ဖြစ်နိုင်တဲ့ အကောင်းဆုံးတွေကို ကြီးမားလှတဲ့ စေတနာ၊ ပြည့်ဝတဲ့ယုံကြည်ချက်နဲ့ လုပ်ဆောင်သွားခဲ့ပါတယ်။

ဗုဒ္ဓသာသနာတော် စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းနဲ့ ကာလများစွာ တည်တွန့်ရစ်စေချင်တယ်ဆိုတာ မင်းတုန်းမင်းကြီးရဲ့ ပကတူးက ဆန္ဒပဲ။ ဒါကြောင့် သူမင်းအဖြစ်ကိုရောက်လို့ ၄ နှစ်ပဲရှိသေးတယ်၊ မန္တလေးမြို့ကို မတည်ရသေးဘူး။ ဘုရားဟောကြားတော်မူတဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပိဋကတ်သုံးပုံဟာ မြန်မာမင်းအဆက်ဆက် ထပ်ကာထပ်ကာ လက်နဲ့ရေးကူးလာခဲ့ကြတာမို့ ကူးပါများတော့ မှားတာတွေ့ ပါရှိနေလိမ့်မယ်။ သူတတ်နိုင်သလောက် မတိမ်းမယိမ်း မှန်ကန်သေချာအောင် လုပ်ဆောင်လိုတယ်ဆိုပြီး ပိဋကတ်သုံးပုံ ကို ၁၂၁၈ ခုနှစ်မှာ အသစ်တစ်ဖန် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ၃ မျိုး ၃ စားနဲ့ 'ပေထက်အက္ခရာ' တင်တယ်လို့ ခေါ်တဲ့ ပေပေါ်မှာ ရေးကူးတာတွေ လုပ်စေပါတယ်။

ဒီလို မတင်ခင် အမှန်ကန်ဆုံးဖြစ်အောင် 'သာသနာပြုဆရာတော်ကြီး' လို့ခေါ်တဲ့ သာသနာ့ပိုင်အမှူးပြုတဲ့ တံဆိပ်ရပိဋကတ်မ ဆရာတော် ၄ ပါး၊ စာကြည့်ဆရာတော် ၃၀၊ စာတည်းဆရာတော် ၅၀၊ ပရိယတ်တတ်တဲ့ သံဃာ ၅၀ တို့က ရေးကူးမယ့်စာတွေ မှန် မမှန် စေ့စပ်သေချာစွာ စစ်ဆေးကြည့်ကြတယ်။ မှန်ကန်ပြီဆိုမှ ပိဋကတ်ကျောက်စီး၊ သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကတ်ရေး စတဲ့ အမှုထမ်း ၁၀၀ ကျော်က ကညစ်နဲ့ စုတ်နဲ့ ရေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရေးနေခိုက်မှာ အမြဲမပြတ် ကြပ်မတ်ပြင်ဆင်ကြည့်ရှုဖို့ ၁။ ဒက္ခိဏာရာမ ဆရာတော်၊ ၂။ စီးတော် မြင်းဝန်တိုက်ဆရာတော်၊ ၃။ ဆီးဘန်းနီဆရာတော် တို့က တာဝန်ယူကြပြန်တယ်။

ရေးပြီးတဲ့အခါ သူတို့ခေတ်က စာအရေးကောင်းတဲ့ လူတွေဖြစ်တဲ့ လွှတ်စာရေး၊ ရုံးစာရေးတို့က ဒီဃ၊ ရဿ၊ ဋ္ဌဝဏ်၊ ဥဝဏ်၊ နိဂ္ဂဟိတ်၊ အကျ အန၊ မှုပျက် မှုပို၊ အကျအပေါက်၊ အမှားအယွင်း မရှိစေရအောင် တည်းဖြတ် စေပါသတဲ့။

ကညစ်တို့၊ စုတ်တို့ကိုင်ပြီး စာကို လက်နဲ့ ကူးရေးတဲ့အခါ ရေးချထည့် ရမှာ မထည့်မိ၊ မထည့်ရမှာ ထည့်မိတတ်တယ်။ လုံးကြီးတင်နဲ့ လုံးကြီးတင် ဆန်ခတ်လည်း မှားရေးတတ်တယ်။ သိရီလို့ရေးရမှာကို သီရိလို့ ရေးတာမျိုး ပေါ့။ တချောင်းငင်နဲ့ နှစ်ချောင်းငင် မှားရေးတတ်တယ်။ ပုရိသလို့ ရေးရမှာ ကို ပူရိသလို့ ရေးတာမျိုးပေါ့။ သေးသေးတင်ထည့်ဖို့ မေ့တာတို့လည်း ရှိတတ်တာကိုး။

ဒါကြောင့် လွှတ်စာရေးတွေကို ထပ်ပြီး အစစ်ခိုင်းရတာ ဖြစ်တယ်။

အဲဒါပြီးမှ တံဆိပ်တော်ရ စာတည်းဆရာတော်၊ စာကြည့်ဆရာတော်တွေ က တည်းကြ ကြည့်ကြပြန်တယ်။

ပေစာ ရေးတယ်ဆိုတာ အဲဒီခေတ်က ရေးခ ပေ ၁ အင်္ဂါကို ကျပ်သုံး ဒင်္ဂါး ၁ ပြားရသတဲ့။ ၁ အင်္ဂါဆိုတာ ၁၂ ချပ်၊ က ကာ ကိ ကီ ကံ ကား အထိပေါ့။ စာမျက်နှာ ၂၄ မျက်နှာ၊ တစ်မျက်နှာမှာ ပျမ်းမျှ စာ ၈ ကြောင်း၊ ဒါကြောင့် ၁ အင်္ဂါမှာ စာ ၁၉၂ ကြောင်းလောက် ရှိပါတယ်။ စာရေးကောင်း သူတိုင်း တစ်နေ့ကို ၁ အင်္ဂါ မပြီးဘူး။ စာကို ငုံမိတဲ့လူမှ ပြီးတယ်။ ဥပမာ "ရှေးသရောအခါ တရာဏသီပြည်၌" ဆိုတာကို ရှေးသရောအခါမှာ တစ်ခါ လှမ်းကြည့်၊ တရာဏသီ တစ်ခါကြည့်၊ ပြည်၌ တစ်ခါကြည့်နေရင် အရေးနှေး တာပဲ။ ပြီးတော့ ပေရေးမှာ စာမှားရေးမိရင် ရေးမိတဲ့ အမှားစာလုံးရဲ့အလယ် မှာ ဗိန္ဒုဆိုတဲ့ အပြောက်ကလေး ကညစ်နဲ့ ထိုးဖောက် ပစ်ထားခဲ့ရတယ်။ အပြောက်ပါတဲ့စာလုံးကို ဖတ်တဲ့လူက စာမှားမို့ ထည့်မဖတ်တော့ဘူး။ စာတစ် မျက်နှာမှာ ၃ ကြိမ်တော့ အမှားခံတယ်။ ၄ ကြိမ်အထိ မှားနေရင် ရေးလက်စ



ကိုရုပ် ပေသစ်ယူပြီး အစကနေ အသစ်ပြန်ရေးပေးရတယ်။ ရှေးက ဓမ္မဒါန ပြုချင်ရင် ဘုန်းကြီးကို ဒကာက ဝတ္ထုလှူတယ်။ ဘုန်းကြီးက "စာရေးဟတ္ထက်" ခေါ်တဲ့ ပေစာရေးသမားကို ကျောင်းခေါ်ပြီး တစ်အင်္ဂါ ဒီ နှုန်းနဲ့ အရေးငှား ပေးပြီး ပူဇော်စေပါတယ်။

လွှတ်စာရေးတွေ စစ်ပြီးတဲ့ စာကို တံဆိပ်တော်ရ ဆရာတော်တွေက တစ်ကြိမ်ထပ်ပြီး တည်းသေးတယ်၊ ကြည့်သေးတယ်၊ ပြီးမှ အဆုံးသတ် လက်ခံတယ်။

အဲဒီ ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ပိဋကတ်သုံးပုံ စာထုပ်ပေါင်း ၂၀၀ ကျော်၊ စာအင်္ဂါ နှစ်သောင်းကျော်ကို ရေးထိုးအပြီး ၆ နှစ်ကြာတဲ့အခါ အမရပူရ ပိဋကတ်တိုက်တော်ကနေပြီး မန္တလေးတောင်ခြေက ပိဋကတ်တိုက်တော် မှာ ဒီစာထုပ်တွေကို ပြောင်းရွှေ့ ထားရှိပါတယ်။ (ပိဋကတ်တိုက်တော်ဟာ ကျောက်တော်ကြီးဘုရားမြောက်ဘက် မန္တလေးတောင်ခြေမှာ ရှိခဲ့တယ်။ အခု နေရာသာ ကျန်တော့တယ်။)

ပိဋကတ်သုံးပုံကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ၃ မျိုးနဲ့ သန့်သန့် ရှင်းရှင်း ရေးတင်ပြီးတဲ့နောက် ၄ နှစ်အကြာမှာ ကျောက်ထက်အက္ခရာ တင်ဖို့ ကျောက်ဖျာကြီးတွေပေါ်မှာ ရေးထွင်းဖို့ ဆန္ဒ ဖြစ်ပြန်တယ်။

ဒါကြောင့် စကျင်တောင်က ကျောက်ပြားတွေကို နန်းတော်ထဲ သယ်ခဲ့ပြီး အရင်က သန့်စင်ထားတဲ့ ပိဋကတ်တော်တွေကို ကျောက်ဖျာထက်မှာ ရေးထိုး စေပါတယ်။

ဒီအခါ ဆရာတော် သံဃာတော်များဘက်က ကြပ်မတ်ရတာက –

၁။ တောင်ဆောင်တော်မိဖုရား ဆရာ

၂။ မြတောင်မြို့စား သေနတ်ဝန်ကြီး ဆရာ

၃။ စီးတော် မြင်းဝန်တိုက် ဆရာတော်တို့ ဖြစ်ကြတယ်။

လူပုဂ္ဂိုလ်ဘက်ကတော့ –

၁။ အတွင်းဝန် ခန်းပတ်မြို့စားကြီး မဟာသီရိဥဇနာ

၂။ အတွင်းဝန် ယောမြို့စားမင်းကြီး မဟာမင်းလှစည်သူ

၃။ သံတော်ဆင့် ခင်မမင်းဝန် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျသူ ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်တော်အုပ် ဦးယံ

၄။ သံတော်ဆင့် နေမျိုးရာဇစည်သူ

၅။ အမိန့်တော်ရေး မင်းထင်ဇေယျာသူ

၆။ အသုံးစာရေး နေမျိုးသီရိကျော်သူတို့ ဖြစ်ကြပါတယ်။

ပိဋကတ်သုံးပုံကို ကျောက်ပြားတွေပေါ်မှာ ရေးထွင်းစေတဲ့အခါ –

| | | | |
|---|---|---|---|
| ဝိနည်း ၅ ကျမ်း ပါဠိတော်က | ချပ်ရေ | ၁၁၁ | ချပ် |
| အဘိဓမ္မာ ၇ ကျမ်း ပါဠိတော်က | ချပ်ရေ | ၂၀၈ | ချပ် |
| နိကာယ် ၅ ကျမ်း၊ သုတ် ၃ ကျမ်း ပါဠိတော်က | ချပ်ရေ | ၄၁၀ | ချပ် |
| | ပေါင်း | ၇၂၉ | ချပ် |

ထွက်လာပါတယ်။



သီဟိုဠ်စွယ်တော်ကြုတ်ပုံ ကျောက်စာရုံအနီး

ဒီကျောက်စာ ချပ်တွေကို ကုသိုလ်တော် ဘုရားကြီးရဲ့ ပထမ မဟာရံတံတိုင်းအတွင်းမှာ ၄၂ ချပ်၊ ဒုတိယ မဟာရံတံတိုင်း အတွင်းမှာ ၁၆၈ ချပ်၊ တတိယ မဟာရံတံတိုင်းအတွင်းမှာ ၅၁၉ ချပ်။ ကျောက်စာတစ်ချပ်ကို သီဟိုဠ်



စွယ်တော်ကြုတ်ပုံ အုတ်ပြာသာဒ် တစ်ခုစီအတွင်းမှာ မြေဝင် တစ်တောင်ထားပြီး အခိုင်အမာ စိုက်ထူထားစေပါတယ်။

ပထမ မဟာရံတံတိုင်းအတွင်းက အင်္ဂါထောင့်မှာတော့ ပိဋကတ်တော်သုံးပုံ ပါဠိတော်တွေကို ကျောက်ထက်အက္ခရာတင်တဲ့အကြောင်း သံပိုင်းမော်ကွန်းနိဂုံး ကျောက်စာကြီးတစ်ချပ် ရေးထိုး စိုက်ထူထားပါတယ်။ ဒါကြောင့် ကျောက်စာပေါင်း ၇၃၀ ပါ။ အဲဒီစာရင်းမှာ မပါတဲ့ နောက်တိုးကျောက်စာသုံးချပ်လည်း ရှိပါသေးတယ်။ အဲဒါက ပထမတံတိုင်းအတွင်း တနင်္ဂနွေထောင့်မှာပါ။ မင်းတုန်းမင်းကြီးလှူသွားခဲ့တဲ့ အလှူတော်တွေက ကုန်ငွေကို စာရင်းတင်ပြီး ငွေသင့်ပေါင်း ၂၂ ကုဋေနဲ့ ၆ သန်းဖိုးမျှရှိတယ်လို့ တင်ပြတဲ့ အလှူတော်စာရင်းကျောက်စာ ၃ ချပ် ဂူကြီး ၂ ခုအတွင်းမှာ စိုက်ထူထားတာပါ။ ဒီကျောက်စာတွေကတော့ ကြေးမြင်မိဖုရားကြီးက တိုက်တွန်းလို့ ဝက်မစွတ်ဝန်ထောက်ကရေးပြီး ၁၂၈၃ ခုနှစ်ကမှ စိုက်ထူထားတာ ဖြစ်ပါတယ်။

## ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နေကြပုံများ

မင်းတုန်းမင်းကြီး လှူဒါန်းထားခဲ့တဲ့ ပိဋကတ်ကျောက်စာတွေဟာ အခုဆိုရင် နှစ်ပေါင်း ၁၀၄ နှစ်[*] ကြာမြင့်ပါပြီ။ ဒီလို ကြာမြင့်တဲ့အချိန်မျိုးမှာ နောက်သား နောက်လူတွေက မင်းတုန်းမင်းကြီး လှူထားခဲ့တဲ့ ပိဋကတ်တော်တွေက အင်မတန် အခိုင်အမာ ပုံစံမျိုးပဲ၊ ပျက်စီး ယိုယွင်းမှာ စိုးရိမ်စရာ မရှိဘူးလို့ အောက်မေ့ပြီး အမှုမဲ့ အမှတ်မဲ့ မထားကြပါဘူး။ မိမိတို့တတ်အားသမျှ ဂေါပကအဖွဲ့များဖွဲ့ပြီး ဖြစ်နိုင်တဲ့နည်းနဲ့ မပြတ်တမ်း ဆက်ပြီး စောင့်ရှောက် ထိန်းသိမ်းထားကြပါတယ်။

မင်းတရားကြီး ကျောက်ထက်အက္ခရာ တင်စဉ်က ထွင်းပြီးသား စာလုံး အချိုင့်ထဲမှာ ရွှေမင်များ ထပ်ပြီး ရေးစေတာမို့ သလင်းကျောက်ဖြူပြားတွေပေါ်က ရွှေစာလုံးတွေအဖြစ်နဲ့ မှတ်ကြရပါတယ်။ ဒီ ရွှေစာလုံးများဟာ နှစ်အတန်ကြာတော့ ပွန်းတယ်၊ ပါးတယ် ဆိုတာမျိုး ဖြစ်လာပါတယ်။

[*] စာတမ်းဖတ်ချိန် ၁၉၇၂ ထိ ဖြစ်ပါတယ်။

www.burmeseclassic.com



ဒါကြောင့် မင်းတုန်းမင်းကြီး နတ်ရွာစံလို့ သားတော်သီပေါမင်း ထီးနန်း ဆက်ခံတဲ့အခါ သီပေါမင်းက ပထမဆုံးအကြိမ် *၂ ရွှေမင်ထပ်စေတယ်လို့ သိရပါတယ်။ ဒါဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ရွှေမင် ရေးထပ်ခြင်းပါပဲ။

ဖခင်ဘုရင်ကြီး လှူခဲ့တဲ့ ကုသိုလ်တစ်ရပ်ကို သားရှင်ဘုရင်က ဆက်လက် လှူဒါန်းတာမျိုးမို့ မထူးဆန်းလှဘူးလို့ ပြောချင်လည်းပြောပါ။ နို့ပေမယ့် သီပေါဘုရင်လက်ထက်မှာ မြန်မာတွေ သူ့ကျွန်ဖြစ်ရလို့ မြန်မာမင်းဆက် လုံးဝ ကုန်ဆုံးသွားတဲ့အခါ တိုင်းသူပြည်သားတွေကလည်း ဖြစ်တဲ့နည်းနဲ့ ဒီ ကျောက်စာတော်တွေကို ဆက်လက် ထိန်းသိမ်းကြပုံကတော့ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ တခြားနိုင်ငံတွေမှာ ဒီအဖြစ်မျိုး ရှိမယ်မထင်ဘူး။ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံမို့ ဒီလိုလုပ်ကြတယ် ထင်ပါတယ်။

သက္ကရာဇ် ၁၈၈၅ ခုနှစ် (၁၂၄၇) ခုမှာ မြန်မာဘုရင်ကို ဗြိတိသျှနယ်ချဲ့ သမားက 'ကြက်ကလေး ငှက်ကလေးကိုဖမ်းသလို' ဖမ်းဆီးခေါ်ဆောင်သွားပြီး မြန်မာပြည်ကိုသိမ်းပိုက် ကျွန်လုပ် အုပ်ချုပ်လိုက်တယ်။ အဲဒီအချိန်မှာ မန္တလေး နန်းမြို့ရိုးထဲမှာ နေထိုင်ကြတဲ့ မြန်မာမင်းမှုထမ်းတွေအားလုံးကို မြို့ပြင်အထွက် ခိုင်းပါတယ်။ တစ်အိမ်ထောင်ကို ငွေ ၁၅ ပြောင်းရွှေ့စရိတ် ပေးသတဲ့လေ။ ဒီအထဲ ဘယ်သူမှမနေရအောင် နှင်ပြီးတဲ့နောက် သူတို့တပ်တွေက တစ်ခါတည်း တပ်စွဲချရပ်နေကြတယ်။ ပြီးတော့ မန္တလေးမြို့အတွက် အချက်အချာကျတဲ့ မန္တလေးတောင်ခြေ တစ်ဝိုက်မှာလည်း နယ်ချဲ့စစ်တပ်တွေ အလုံးအရင်းနဲ့ ချထားလိုက်တယ်။ ဒါ့ကြောင့် မင်းတုန်းမင်းကြီးရဲ့ ကုသိုလ်တော်တွေဖြစ်တဲ့ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရား၊ အတုမရှိကျောင်းတော်ကြီး၊ သုဓမ္မာဇရပ်တန်း စတဲ့ နေရာတွေမှာ စစ်တပ်တွေနဲ့ တင်းကျမ်း ဖြစ်သွားပါတော့တယ်။

ပြည်သိမ်းတပ်တွေ နေရာယူ တပ်စွဲချရပ်ထားတဲ့ ကျောင်းကန်ဘုရားတွေ အတွင်း ဗုဒ္ဓဘာသာဝင်တွေကို လုံးဝ ဝင်ခွင့် ထွက်ခွင့် မပြုဘူး။ တပ်တွေ

*၂ ၁၂၅၃ ခုနှစ်ကရိုက်တဲ့ ဦးရာကျော်ရေး 'နိဗ္ဗာနကထာ ကျူးရင့်စာ' မှာ ဖော်ပြတယ်။



စွဲထားတာက တစ်နှစ်လည်း မဟုတ်၊ နှစ်နှစ်လည်း မဟုတ်တဲ့အပြင် နယ်ချဲ့စစ်တပ် များကြောင့် ဗုဒ္ဓဘာသာအဆောက်အအုံများ ပျက်စီးကြရတာတွေ ရှိပါတယ်။ ဒါကို ပြည်သူတွေကသိကြတဲ့အခါ စိတ်လက် မချမ်းမသာ ဖြစ်ကြရတယ်။ ဒါ့ကြောင့် ၅ နှစ်ကြာတဲ့အခါ ရန်ကုန်မြို့ကပါလာတဲ့ မြေတိုင်းစာရေးကြီး ဦးအောင်ပန်းက ဦးဆောင်ပြီး ဝိတိုရိယဘုရင်မရဲ့ အုပ်ချုပ်မှုဥပဒေမှာ တိုင်းသူ ပြည်သားများ ဘယ်သူမဆို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိတယ်လို့ ဆိုထားတယ်။ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားတွေရဲ့အတွင်းမှာ တပ်စွဲထားတဲ့ စစ်တွေကို ဖယ်ရှားပေးပြီး ပျက်စီးကုန်တာတွေကို ပြုပြင်ခွင့်ရဖို့ တောင်းဆို ကြစို့လို့ နန်းမြို့တွင်းက ထွက်ခွာလာကြရတဲ့ မင်းမှုထမ်းဟောင်းတွေနဲ့ တိုင်ပင် စည်းရုံးပါတယ်။

နယ်ချဲ့အစိုးရဆီက အခွင့်အမိန့်ရတာနဲ့တစ်ပြိုင်နက် ကုသိုလ်တော်ဘုရား ဆွမ်းတော်ကြီးကပ်လှူတဲ့ပွဲ၊ ကိုယ်ဘုရင် ပါတော်မူပြီး ပထမဆုံးအကြိမ်ကို ၁၂၅၂ ခုနှစ် (၁၈၉၀) ခုမှာ ကျင်းပရတယ်။ ဒီပွဲကို ဘုရားပရဝဏ်ပတ်လည် မှာ မကျင်းပနိုင်ခဲ့ဘူး။ အတုမရှိ ကျောင်းတော်ကြီးနဲ့ မှန်ကျောင်းရဲ့ကြားက ကွက်လပ်ကြီးမှာ ကျင်းပရတယ်။ စစ်တပ်တွေက ရှိနေသေးတော့ လူတွေက ကြောက်နေသေးလို့ ထင်ပါတယ်။

အဲဒီပွဲ ပြီးတဲ့အခါ ဘုရားထဲကို ဝင်ခွင့် ထွက်ခွင့်ရကြလို့ ဘုရားကို သေသေ ချာချာ စစ်ဆေးကြည့်ရှုတော့ မြင်မကောင်းအောင် ပျက်စီးယိုယွင်းပြီး အဖိုးတန် ပစ္စည်းမှန်သမျှ စစ်တွေက ခိုးဝှက် ယူငင်သွားတာကို ကြေကွဲဖွယ် တွေ့ကြရတယ်။

ကုသိုလ်တော်ဘုရားဟာ မင်းတုန်းမင်းကြီးလှူတဲ့ ကုသိုလ်ထဲမှာ အမွန်မြတ်ဆုံးတစ်ခုလို့ ယူဆပုံရတာကြောင့် တန်ဖိုးကြီးတဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေလည်း အများကြီးတပ်ဆင် လှူဒါန်းထားတဲ့ ဘုရားပါ။ ဒါပေမယ့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားမဆိုထားနဲ့ ကျောက်စာဂူတွေပေါ်က ထီးအတွင့်မှာ တပ်ဆင်တဲ့ ကြေးဆည်းလည်းတောင် ချမ်းသာမပေးဘူး။ စစ်တွေက ယူတယ်။ ဖျက်ဆီးလိုက်ပုံကလည်း နတ်စောင်တန်းစောင့်တဲ့ ကျောက်ဘီလူးတောင် ခေါင်းပြုတ်ပစ်ခဲ့ကြသတဲ့။ ခြင်္သေ့ရုပ်ကြီး ကျောက်လက်သည်

www.burmeseclassic.com



မကျန် ခွာယူသတဲ့။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေက မင်းတရားကြီးရဲ့ ကုသိုလ်တော်ကို တို့တတ်အားသလောက် ပြန်လည်မွမ်းမံ ပြင်ဆင်မယ်ဆိုပြီး လူတွေ စုဝေးကြ စိုင်းပြင်းကြတယ်။ ဒီလို စိုင်းပြင်းတဲ့အခါ ကုသိုလ်ရှင်ရဲ့ ဆွေမျိုးအဆက်အနွယ် တစ်စုံတစ်ယောက် ကျန်ရှိရစ်ခဲ့ရင် ဒီဆွေမျိုးများက ပြုပြင်မယ်ဆိုရင် သူတို့မှာ အခွင့်အရေး အပြည့်အဝ ရှိပေတယ်။ သူတို့ မပြုပြင်နိုင်ဘူး၊ သူတစ်ထူးကို ခွင့်ပြုတယ်ဆိုမှ တစ်ခြားလူတွေက ကုသိုလ်ဟောင်းကို ပြင်ဆင်ခွင့် ရှိတယ်ဆိုပြီး ဆရာတော်၊ သံဃာတော်များအပါအဝင် မင်းတရားကြီးရဲ့ အနွယ်တော်များနဲ့ မှူးကြီးမတ်ရာများကိုပါ ဖိတ်ကြား ဘိုင်ပင်ကြပါတယ်။

ဒီအခါမှာ အတုမရှိဆရာတော်ကြီးနဲ့ မင်းတရားကြီးရဲ့ မင်္ဂလာအိမ်တော် ပ များဖြစ်ကြတဲ့ ကင်းဝန်မင်းကြီး၊ လေသင်းအတွင်းဝန်မင်း၊ ညောင်ရွှေ ...ဘွားကြီး (ဆာစောမောင်)၊ မြေလတ်ဝန်၊ တောင် ၁၅၀ ဗိုလ်၊ မိုးဗြဲစစ်ကဲ ...ဘ်ကြီး စတဲ့ ရဟန်းရှင် လူ ပုဂ္ဂိုလ်တွေကပါ သဘောကြိုက်ညီပြီး ကုသိုလ်တော် ... အဖျက်အစီးတွေကို ပြည်သူအားနဲ့ ပြင်ဆင်ကြဖို့ ဆုံးဖြတ်ပါတယ်။

စင်စစ်တော့ တစ်ဦးတစ်ယောက်တည်းအနေနဲ့ မတတ်နိုင်တာမို့ အားလုံး ဝိုင်းဝန်းစုပေါင်းပြီး ကိုယ်နိုင်သလောက် တာဝန်ယူကြတဲ့နည်းနဲ့ လုပ်ဆောင် ကြတာ ဖြစ်ပါတယ်။

သီပေါမင်း ပါတော်မူအပြီး ၆ နှစ်အကြာမှာ ပထမဆုံးဖွဲ့စည်းတဲ့ ကုသိုလ်တော် ဂေါပကအဖွဲ့ကတော့ –

မြေတိုင်းစာရေးကြီး ဦးအောင်ပန်း၊ အရပ်လူကြီး ဦးဘ၊ ဦးချမ်းငြိမ်း၊ ဦးအိုင်၊ ဦးမောင်ကြီး၊ ဦးဝ၊ ဦးလုံး၊ အကွက်လူကြီး ဦးခက်၊ ဦးနု၊ ဦးထွန်းပေါ်၊ ဦးမွန်း၊ ဦးပို၊ ဘုရားဒကာ ဦးဆိုင်း၊ ဘုရားဒကာ ဦးရာကျော်၊ ဘုရားဒကာ ဦးပြောင်း၊ ဘုရားဒကာ ဦးထုံးတို့ ဖြစ်ပါတယ်။

မင်းတရားကြီးရဲ့ ကုသိုလ်တော်ကို ဗုဒ္ဓဘာသာတွေ ဝင်ခွင့်ရလို့ ဘာတွေများ ပျက်စီးကုန်သလဲလို့ ကြည့်တဲ့အခါ –

စေတီတော်ကြီးလည်း တစ်ဆူလုံး ရစရာမရှိအောင် ပျက်စီးနေတယ်။ စေတီတော် ခြေရင်းမှာခင်းထားတဲ့ အိတာလျံကျောက်ပြား၊ ဖန်မြေ၊ မှန်ချေ



တွေဟာလည်း အားလုံးခွာယူထားလို့ ဟောင်းလောင်းဖြစ်နေရစ်တယ်။ အလွန် အဖိုးထိုက်တန်တဲ့ ထီးတော်လည်း မြေကိုချထားပြီး တန်ဖိုးရှိတာဟူသမျှ ဖြုတ်ယူထားလို့ သံထီးရိုးချည်း ပျက်စီးကျန်ရစ်တယ်။ သီပေါမင်းလှူထားတဲ့ စိန္ဓီထီးတို့ ဖြဟွာဥက္ကင်္ဂတို့ စတဲ့ ပစ္စည်းအဖိုးတန်မှန်သမျှလည်း တစ်ခုမှ မကျန်ရစ်တော့တာကို တွေ့ကြရတယ်။

အပျက်အစီးစာရင်း ကောက်တဲ့အခါ ကုသိုလ်တော်စေတီမှာ တင်လှူ ထားတဲ့ ထီးတော်ကချည်း ထီးတော်မှာ တပ်ဆင်တဲ့ ပတ္တမြားကျောက်နီကြီး အဖိုးမဖြတ်နိုင်တာ တစ်လုံး၊ ရွှေ ၁၀ သားနဲ့ စိန်အလုံး ၅၀ စီထားတဲ့ ငှက်မြတ်နား ၁ ခု၊ ချရားသီး ၁ လုံးမှာ ရွှေ ၁၀ သား၊ ပတ္တမြားကျောက်နီ ၁ လုံး၊ နဝရတ် ၄၅ လုံးစီ စီတဲ့ ချရားသီး ၂၇ လုံး၊ ငွေ ၁ ပိဿာစီနဲ့လုပ်တဲ့ ဆည်းလည်း ၁၅ လုံး၊ သံထီးပေါ်မှာကွပ်တဲ့ ဘော်က ပိဿာ ၂၅၀၊ ချတဲ့ရွှေအချိန်က ၂၅ ပိဿာ၊ ဘုရားလုံးပတ်မှာ ချထားတဲ့ရွှေ ၃၅ ပိဿာ၊ အိတာလျံမှန် အုတ် ၁၅၀၀၀၊ အဖိုး ၂ သိန်းကျော်တန် စိန်ထီးဖြူ၊ အဖိုး ၁ သိန်းကျော်တန် ဖြဟွာဥက္ကင်္ဂ၊ အဖိုး ၃ သိန်းကျော်တန် ဖြဟွာ့တန်ဆာနဲ့ မင်းမြောက်တန်ဆာ ၅ ပါး၊ ဖန်မီးပဒေသာကြီးတွေ စေတီရံသံထီး၊ ကြာသွတ်ပန်းအိုးက သံပန်းခိုင် တွေ၊ မှန်တံခါးကြီး ၁၂ ခုက နတ်ရုပ်၊ ပန်းပွားပန်းနွယ် ပန်းပုထည်တွေ ပျောက်ပျက်နေတာ တွေ့ကြရပါတယ်။

ကုသိုလ်တော်ရဲ့ မဟာတံတိုင်းအပြင်ဘက်မှာ အနောက်ဘက်က အုတ်ဇရပ်ကြီး ၁၁ ခု၊ တောင်ဘက်က ၁၁ ခု၊ မြောက်ဘက်က ၁၂ ခု၊ ပေါင်း ၃၄ ခု ဆောက်လုပ်ထားကြရာမှာလည်း အုတ်ဇရပ်ကြီး ၁၃ ဆောင်က လုံးလုံး ပျက်စီးနေပြီး ၁၉ ဆောင်က တစ်ဝက်တစ်ပျက် ပျက်စီးနေပါတယ်။ ဒီဇရပ် ဆွေကိုဖြို၊ အုတ်တွေယူပြီး လမ်းခင်းထားတာ။ စန္ဒာမုနိဘုရားတောင်ဘက်က သားတပ်ထဲမှာ ခုထက်ထိ တွေ့မြင်နိုင်ပါသေးတယ်။

ကုသိုလ်တော်ထဲက ကျောက်စာဝူတွေမှာလည်း ကျောက်ဖျာကြီးတွေရဲ့ ...သိမ်နဲ့ဘောင်မှာ ချထားတဲ့ရွှေနဲ့ စာလုံးတွေမှာရေးထားတဲ့ ရွှေတွေအားလုံး ...ကုန် ပျောက်ကုန်တဲ့အပြင် ဝူရဲ့အထွဋ်မှာထားတဲ့ သံထီးတွေမှာဆွဲထားတဲ့ ...ဆည်းလည်းတွေလည်း တစ်လုံးမှ မရှိတော့ဘူး။ ထီးကလိုမှာ ဆည်းလည်း

www.burmeseclassic.com



၉ လုံးစီမို့ ဆည်းလည်းပေါင်း ၆၅၇၀ ပျောက်ပါတယ်။ ဒါကြောင့် ပထမဆုံး မြင်မကောင်းဖြစ်နေတဲ့ စေတီတော်ရဲ့ ချရားသီးကအစ မြေအထိလုံးပတ်ကို အင်္ဂတေများ စကိုင်ကြရတယ်။

ဒီအလှူဟာ ဘုရင်ကမဟုတ်ဘဲ တိုင်းသူပြည်သားအနေနဲ့ စလှူတဲ့အလှူလို့ ခေါ်ရမှာပေါ့။ ဘုရားလုံးပတ်တော် အင်္ဂတေထပ်ကိုင်ဖို့အတွက် ညောင်ရွှေ စော်ဘွားနဲ့ တောင် ၁၅၀ ဗိုလ်၊ မိုးဗြိစစ်ကဲတော်ကြီးတို့က ငွေ ၃၀၀ိ လှူပါတယ်။

အဲဒါပြီးတော့ ကျောက်စာဂူတွေမှာ အထွဋ်ပြန်တပ်ဖို့ စဉ်းစားတယ်။ ဒီအခါ အိန္ဒိယနိုင်ငံ ဆင်းမလားကို ဗမာဘုရင်စေလွှတ်လို့ ၁၈၈၁ ခုနှစ်က ရောက်သွားခဲ့ဖူးတဲ့ မိုးဗြိစစ်ကဲတော်ကြီးက မဇ္ဈိမဒေသက ဗုဒ္ဓဘာသာ စေတီပုထိုးတွေမှာ သံထီးမတင်ဘဲ အစွန်းရှည်တဲ့ ကျောက်ထီးကို အထွဋ်တင်ကြတာများ တွေ့ခဲ့ဖူးတယ်။ ဒါ့ကြောင့် မင်းတရားကြီးရဲ့ ကုသိုလ်တော်ကျောက်စာဂူ တွေမှာလည်း ..ကျက်လွယ်တဲ့ သံထီးမတင်ဘဲ ကျောက်ထီးတင်ဖို့ကောင်းတယ်လို့ အကြံပေးသတဲ့။ အများက နှစ်ခြိုက် ကြိုက်ညီကြလို့ ၁၂၅၄ ခုနှစ် (၁၈၉၂) ခုမှာ –

| | |
|---|---|
| မင်းမိဖုရား သမီးတော်များက ကျောက်ထီး | ၁၅၅ ခု |
| မှူးမတ်များက | ၅၈ ခု |
| ရှမ်းစော်ဘွားနဲ့ မြို့စား၊ ရွာစားတွေက | ၁၀၂ ခု |
| အထက်အောက် အရပ်သားကုသိုလ်ရှင်တွေက | ၄၁၄ ခု |
| ပေါင်း – | ၇၂၉ ခု |

တင်လှူကြပါတယ်။ အဲဒီတုန်းက ကျောက်ထီးတစ်ခုကို ငွေ ၁ဝိ လှူရတယ်။ ကုသိုလ်ရှင်ရဲ့ ကမ္ပည်းရေးခက ၂ ပဲ ကျသင့်ပါသတဲ့။

ကျောက်ထီးအထွဋ်တင်ရင်းနဲ့ မေးမှိန်ပျက်ပြားနေတဲ့ ရွှေမင်များနေရာမှာ မင်နက်နဲ့ စာတွေကို လိုက်ထပ်တဲ့ ကုသိုလ်များလည်း ပြုကြပါတယ်။ မင်နက်ထပ်လိုက် တော့ သလင်းကျောက်ဖြူပေါ်မှာ ရွှေတဝင်းဝင်းနဲ့ တင့်တယ်တာမျိုး မတင့်တယ်တော့ပေမယ့် ဖတ်တဲ့ လူအဖို့ အလွန်ကောင်းလာပါတယ်။ အဲဒီ ၁၂၅၄ ခုတုန်းက ကျောက်ထီးအထွဋ်တင်တယ်၊ မင်ထပ်တယ် ဆိုတဲ့ ကုသိုလ်ရှင်သွေရဲ့ ကမ္ပည်း တွေ ခုထက်ထိ ကျောက်စာဂူတချို့ ထဲမှာ တွေ့နေရပါတယ်။



ဒီကမ္ပည်းတွေကို ထုံးသုတ်ပြီး ဖုံးမပစ် လိုက်ဖို့ လိုပါမယ်။ ဆင်ဖြူမရှင် အရှင်မိဖုရားခေါင်ကြီး သမီးတော်ထိပ်စုကြီးဘုရားက ကျောက်ထီးအထွဋ်တင် မင်ထပ်တယ်။ တောင်ခွင်မြို့စား မင်းကြီးက၊ သိန္နီမြို့စားက စတဲ့ ကမ္ပည်းတွေ ရှိပါတယ်။ မင်ထပ်ခက ကျောက်စာကြီးတစ်ချပ် ကျော့ရော ဝမ်းပါ ၅ိ ပါတဲ့။

ကျောက်ထီးတင်သလိုပဲ သဘောကျစရာကောင်းတဲ့ ကုသိုလ်တစ်ခုကိုလည်း တောင် ၁၅၀ ဗိုလ်၊ မိုးဗြိစစ်ကဲတော်ကြီးက ၁၂၅၄ ခုနှစ်မှာ ပြုလုပ်ပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကျောက်စာဂူတန်းတွေရဲ့ကြားမှာ အေးမြတဲ့ အရိပ်အာဝါသများ ရှိစေဖို့အတွက် သစ်ပင်များ စိုက်ပျိုးလှူဒါန်းတဲ့ ကုသိုလ်ပါ။



၁၂၅၄ ခုနှစ်က [illegible]
[illegible] စစ်ကဲတော်ကြီး

မင်းတရားကြီးရဲ့ ကျောက်စာဂူတွေကြားမှာ အရိပ်အာဝါသရမယ့် သစ်ပင်များ စိုက်ပါရစေလို့ တောင်တော်ဆရာတော် ဦးမာလာရဲ့ ဝန်ဆောင် ပခန်းသမုတိ ဆရာတော် ဦးနန္ဒကိုလျှောက်တော့ ဆရာတော်က ဘာပင်များစိုက်မလဲလို့ မေးပါသတဲ့။ ခရေပင်ပါဘုရားလို့ လျှောက်တော့ အေး "အရိပ်လည်းရ၊ ဘုရားကို ပန်းလှူပြီးလည်း ဖြစ်တယ်" လို့ အမိန့်ရှိတာနဲ့ မင်းတရားကြီးရဲ့ ကျောက်စာဂူတွေကြားမှာ သစ်ပင်များ စိုက်ပါတယ်။ ဂူတွေက အလွန်လှလှပပ စနစ်ကောင်းကောင်း အထားအသို ကောင်းကောင်းနဲ့ တည်ဆောက်ထားတာဖြစ်လေတော့ သစ်ပင်များကိုလည်း စနစ်နဲ့စိုက်မယ်ဆိုပြီး မယ်ဇယ်ပင်နဲ့ ခရေပင်ချည်း အုတ်ဂူကြားက ကွက်လပ်မှာ အကွာအဝေးညီညီ တန်းစီပြီး စိုက်ပျိုးပါတယ်။ သစ်ပင်တစ်ပင်ကို

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံ ၅ မူးပေးပြီး ရိုက်ခိုင်းတယ်။ ဒီအပင်တွေ ရှင်သန်အောင် ဦးပေါ်ဆိုတဲ့ လူတစ်ယောက်ကို တစ်လ လခငွေ ၁ဝိ နဲ့ စပါး ၁ဝ တင်းပေးပြီး ၄–၅ နှစ် ရေများထမ်းပြီး အလောင်းခိုင်းခဲ့တယ်။ ကနေ့ အနှစ် ၈၀ ကြာမြင့်တဲ့အချိန်မှာ ဒီခရေပင်တွေက အလွန်အေးမြတဲ့ အရိပ်အာဝါသကိုလည်း ပေးတယ်။ ဘုရားဖူးတွေ ပျော်ပျော်ပါးပါး ခရေပန်းကောက်စရာလည်း ဖြစ်ပါတယ်။

ကျောက်ထီးအထွဋ်ဟာ မူလ သံထီးအထွဋ်လို ကုက္ကားလေးတွေနဲ့ ရွှေရောင်တဝင်းဝင်းနဲ့ ဖွယ်ဖွယ်ရာရာမရှိပေမယ့် ကနေ့ထက်ထိ ခန့်ခန့်ထယ်ထယ် ဖြူဖြူစင်စင်နဲ့ ခိုင်ခိုင်မာမာကြီး မြင်တွေ့ရပါတယ်။

မင်းတရားကြီးရဲ့ ကျောက်စာတွေဟာ စာအုပ်နဲ့ စက္ကူနဲ့ ပိဋကတ်သုံးပုံတွေ မပေါ်မချင်း ဒီကိုပဲ အခိုင်မာဆုံး စာမူအဖြစ်နဲ့ လာရောက်ကူးယူ တိုက်ဆိုင်နေကြရတာဖြစ်လေတော့ အလွယ်တကူ ဖတ်လို့ရဖို့က သိပ်အရေးကြီးတယ်လို့ ဗုဒ္ဓဘာသာဝင်တွေက အောက်မေ့ကြတယ်။

ဒါ့ကြောင့် –

၁။ သိပေါမင်းက ရွှေရေးတစ်ကြိမ်၊

၂။ ၁၂၅၄ ခုနှစ်မှာ အနွယ်တော်တွေနဲ့ ပြည်သူတွေက မင်ရေးတစ်ကြိမ်၊

၃။ ၁၂၆၆ ခုနှစ်မှာ သူဌေး ဆာ ဦးဘိုးသာနဲ့ ပြည်သူတွေက မင်ရေး တစ်ကြိမ်၊

၄။ ၁၂၇၅ ခုနှစ်မှာ ပြည်သူ့ငွေနဲ့ တစ်ကြိမ်၊

၅။ ၁၂၈၂ ခုနှစ်မှာ ဘုံအလှူ တစ်ကြိမ်၊

၆။ ၁၃၁၁ ခုက ၁၃၁၅ ခုအတွင်းမှာ ဘုံအလှူ တစ်ကြိမ်၊

၇။ ၁၃၃၀ ခုနှစ်ကစပြီး အခုအထိ မင်ထပ်ဆဲ တစ်ကြိမ်၊


အကြိမ်ပေါင်း ၇ ကြိမ် ထပ်ပြီးပါပြီ။

စာလုံးပေါ်ရေးထပ်တဲ့မင်က ဘာမင်တဲ့တုံး၊ တရုတ်မင်တောင့် ရေဈော်သလားလို့ စုံစမ်းတဲ့အခါ မြန်မာ့နည်းနဲ့ ဖျော်စပ်တဲ့ မြန်မာမင်ပဲလို့ သိရပါတယ်။ ဖျော်နည်းက မန္တလေးကွမ်းခြံရပ်က ကျောက်စလင်းမျက်မှန်တိုက် ဆရာထိဆီက ချိပ်ကို တစ်ပိဿာ ၁ဝိ ဈေးနဲ့ ဝယ်ပါသတဲ့၊ ချိပ်အစိတ်သား



ကို ရေတစ်ပိဿာနဲ့ သုံးခွက်တစ်ခွက်တင်ကျို၊ ရေနံမှိုင်းခဲ၊ ကောက်ရိုးပြာရည်နဲ့ရော၊ ပြီးရင် ချိပ်ရည်နဲ့ မွှေပြီးသုံးတဲ့ မင်နက်ပါတဲ့။ ဒါဟာ စိန်တုံးဆရာတော်ရဲ့ မင်စပ်နည်းပဲလို့ ပြောပါတယ်။

၁၂၅၄ ခုနှစ်က ကျောက်တစ်ချပ်ကို မင်ထပ်ခ ၅ိ၊ ၁၃၅၁ ခုနှစ်က ကျောက်စာတစ်ချပ်ကို မင်ထပ်ခ ၁၅ိ၊ အခု ကျောက်စာတစ်ချပ်ကို မင်ထပ်ခ ၂၅ိ ပေးရပါတယ်။ မင်ထပ်သမားဟာ မတ်တတ်လည်း လုပ်ရတယ်။ ဒူးထောက်လည်း ရေးရတယ်။ ထိုင်လို့လည်း ရေးရတယ်။ အောက်ဆုံးစာကြောင်းတွေကျတော့ ဝမ်းလျားမှောက်ပြီး ရေးထပ်ပေးရတာပါ။



[illegible]

သက္ကရာဇ် ၁၂၇၄ ခုနှစ် (၁၉၁၂–၁၃) ခုမှာ အုတ်အင်္ဂတေစေတီတော်ကို ရန်ကုန်မြို့က စပါးပွဲစား သူဌေး ဆာ ဘိုးသာက လုံးတော်ပြည့် ရွှေသင်္ကန်း ဒါယကာခံပြီး ငွေ ၄၀၀၀ိ ကုန် ရွှေသင်္ကန်း ကပ်လှူပါတယ်။ ၁၂၈၀ ပြည့်နှစ်မှာ တောင်ဘက်မုခ်က ၂၂ ခန်းရှိတဲ့ သံဇောင်းတန်းကို ဦးခန့်က ကြီးမှူးဆောက်လုပ်တယ်။ ကုန်ငွေ ၂၀၀၀ိ။ တစ်နှစ် တည်းမှာပဲ အနောက်ဘက်ဇောင်း တန်း ၁၁ ခန်းကို ငွေ ၈၈၀၀ိ အကုန်ခံပြီး ဦးခန့်က ဆောက်ပြန်တယ်။ ၁၂၈၆ ခုနှစ်မှာ ဆာဘိုးသာက သွပ်မိုး ကျွန်းဇောင်းတန်း ငွေ ၂၀၀၀ိ ကုန် လှူပြန်တယ်။ ၁၂၈၉ ခုနှစ်မှာ ဆာဘိုးသာက စေတီကြီး အရှေ့ဘက်မှာ ကျွန်းတန်ဆောင်းကြီးပျက်စီးလို့ အုတ်အာရုံခံကြီး ငွေ ၈၅၀၀ိ အကုန်ခံပြီး ဆောက်တယ်။

www.burmeseclassic.com



ဒီနောက် နယ်ချဲ့တပ်တွေ ဖျက်ဆီး သွားလို့ ဟောင်းလောင်းဖြစ်နေရစ်တဲ့ မဟာရံတံတိုင်းက သစ်သား ပန်းပုတံခါးတွေ မရှိတော့လို့ အပြင်ဘက်ဆုံးတံတိုင်းမှာ မန္တလေး ပိဋကတ်တော် ကျောက်စာအသင်း က ၁၂၇၅ ခုနှစ်မှာ တောင်မုခ်သံတံခါး၊ မင်းသားကြီးဖိုးစိန်က ပွဲကရင်းထည့်တဲ့ငွေ ၁၀၀၀ိ၊ ပိဋကတ်ကျောက်စာအသင်းက ငွေ ၃၀ဝိ နဲ့ ၁၂၇၆ ခုနှစ်မှာ အနောက်မုခ်က သံတံခါးကို လှူဒါန်းကြ တယ်။ မြောက်မုခ်နဲ့ အရှေ့မုခ်က သံတံခါးကိုတော့ ၁၂၉၄ ခုနှစ်ကျမှ မင်းတုန်းမင်းကြီးရဲ့ သားတော်၊ သမီးတော်၊ မြေးတော်တွေက လှူဒါန်းကြတယ်။

၁၂၇၆ ခုနှစ်မှာ စေတီတော်ကြီးဝန်းကျင်ကို သံဝရံတာ ၁၀၈ ခန်းတီတီဦးခန္တီက ကြီးမှူးကာရံတယ်။ ဟိုတုန်းက ကုန်ငွေ ၁၀၈၀ဝိ ဖြစ်သတဲ့။

၁၉၆၄ ခုနှစ်မှာတော့ ကုသိုလ်တော်ဂေါပကအဖွဲ့က ကျောက်စာဂူတွေရဲ့အောက်ခြေပတ်လည်မှာ ချုံနွယ်ပိတ်ပေါင်းတွေ ပေါက်နေတာကို ရှင်းပေးမှဖြစ်မယ်။ ဒါတွေက တစ်နေ့ကျရင် ဂူတွေကို ဖျက်ဆီးလာလိမ့်မယ်။ ဂူခြေရင်းကို ကျောက်သေးရိုက်ပြီး အင်္ဂတေကိုင်ပေးမှ ဖြစ်မယ်ဆိုပြီး ပြည်သူတွေကတတ်အားသမျှ လှူဒါန်းပေးဖို့ လူထုသတင်းစာကနေ နှိုးဆော်ခိုင်းတာနဲ့ နှိုးဆော်ပေးခဲ့ရဖူးတယ်။ ကျောက်သေးရိုက် အင်္ဂတေခင်းကြတဲ့ ပြည်သူ့အလှူဟာ ၁၉၆၈ ခုနှစ်အတွင်းမှာ ဂူအားလုံးအတွက် ပြည့်စုံသွားခဲ့တယ်။

### [illegible]ကြောင်း

ဗုဒ္ဓဟောကြားတဲ့ တရားတော်တွေကို ရွှေပြား၊ ငွေပြား၊ ကျောက်ပြားနဲ့ကျောက်တွေပေါ်မှာ ရေးထိုးတဲ့ဓလေ့ဟာ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ စရောက်ကတည်းက ရှိတဲ့ဓလေ့တစ်ခုပဲ။ ဒါပေမယ့် ပိဋကတ်သုံးပုံစလုံးကို အပြည့်အစုံကျောက်ပြားပေါ်မှာ ရေးတင်တာကတော့ မင်းတုန်းမင်းကြီး ပထမဆုံးပဲ။

တစ်ပိုင်းတစ်စ၊ တစ်စိတ်တစ်ဒေသကို ရေးတင်တဲ့ ဒီဓလေ့ ဘယ်လောက်အထိ စောစော တွေ့ရဖူးသလဲဆိုရင် "အေဒီ ၆ ရာစု၊ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာ စရောက်ကတည်းကပဲ ဖြစ်ရမယ်" လို့ ရေးထားတဲ့ အက္ခရာကို ကြည့်ပြီး ခန့်မှန်းနိုင်တဲ့ ရွှေရေးပိဋကတ်တွေ သရေခေတ္တရာ ပြည်မြို့နားမှာ ၁၈၈၇ ခုနှစ်က ပထမဆုံးတွေ့ရဖူးတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံးကျောက်စာဝန်



(Emil Forchammer) တွေ့တာ ဖြစ်တယ်။ တွေ့တဲ့နေရာက သရေခေတ္တရာမြို့ဟောင်းနားက လယ်ပေါ်ရွာ မောင်ကန်ကုန်းမှာပါ။ ရေးထားတဲ့စာက ပြဟ္မီအက္ခရာပွားဖြစ်တဲ့ အိန္ဒိယတောင်ပိုင်းသုံး တေလဂူ ကနေရိ ကဒမ္ဗ အက္ခရာနဲ့ပါ။ ၃ ကြောင်းရေး ရွှေပေ ၂ ချပ်မှာ ရေးတဲ့စာက ရှင်သာရိပုတ္တရာဖြစ်မယ့် ဥပတိဿပရိဗိုဇ်ကို အရှင်အဿဇိမထေရ်က ဟောတော်မူတဲ့ ဝိနည်းမဟာဝါပါဠိတော်လာ .......

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစချီတဲ့ဂါထာနဲ့၊ ဒီဃနိကာယ်ပါဠိတော်၊ မဇ္ဈိမနိကာယ်ပါဠိတော်၊ အင်္ဂုတ္တရနိကာယ်ပါဠိတော်၊ ခုဒ္ဒကနိကာယ်ပါဠိတော်၊ အဘိဓမ္မာပိဋကတ် ဝိဘင်းပါဠိတော်တွေထဲက ဗုဒ္ဓစကားတွေ ဖြစ်ပါတယ်။

ဒါဟာ ပထမဆုံးနဲ့ အစောဆုံးတွေ့ရတဲ့ ရှေးအထောက်အထားပါ။ သွန်းခဲ့တဲ့ အနှစ် (၁၃၀၀ – ၁၄၀၀) ကပေါ့။

ပိဋကတ်တော်ကို ကျောက်ပြားထက်မှာ ရေးထိုးသေးတယ်ဆိုတဲ့ အထောက်အထားတစ်ခုကိုလည်း ၁၉၁၀ – ၁၁ ခုနှစ်ကျတော့ ပြည်က ဘောဘောကြီး ဘုရားခြေရင်းမှာပဲ ၃ ပိုင်းကျိုးနေတဲ့ ကျောက်ပြားတစ်ချပ်အဖြစ်နဲ့ တွေ့ရပြန်တယ်။

ဒီကျောက်ပြားပေါ်မှာ အဘိဓမ္မာပိဋကတ် ဝိဘင်းပါဠိတော်ထဲက ကောက်နုတ်ချက်တွေ ရေးထားတယ်။

နောက် ၁၉၂၆ ခုနှစ်ကျတော့ ပြည်မြို့ဟောင်းက ကုလားကန်ကုန်းရွာနားက တောင်သူ ဦးခင်ဘရဲ့ ကုန်းကမူကလေးတစ်ခုကို တူးလိုက်တော့ ရွှေပေလွှာ အချပ် ၂၀ တောင် တွေ့ရပြန်တယ်။ ၁၈ ချပ်က ၃ ကြောင်းရေး၊ တစ်ချပ်က ၄ ကြောင်း၊ တစ်ချပ်က ၂ ကြောင်း ရေးထားတယ်။

ရေးတဲ့စာက ပထမရွှေပေမှာ "သိဒ္ဓမ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစချီတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ကဒမ္ဗအက္ခရာနဲ့ ရေးထားပါတယ်။ ကျန်ရွှေပေချပ်တွေပေါ်မှာတော့ မဇ္ဈိမနိကာယ်၊ ခုဒ္ဒကနိကာယ်၊ ဒီဃနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ် ဆိုတဲ့ နိကာယ် ၅ ရပ်ထဲက ဗုဒ္ဓဝစနတွေ ဖြစ်ပါတယ်။

၁၉၂၈ ခုနှစ်မှာ ကျွန်းတောစုရွာက ရွှေပေတစ်ချပ် တွေ့သေးတယ်။ ပိဋကတ်တော် ကောက်နုတ်ချက်တွေပဲ ရေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ပြီးတော့ သရေခေတ္တရာ မြို့ရိုးတံခါးပေါက်နားက ကျောက်စာတိုင် ၂ တိုင် တွေ့ရတယ်။ ရွှေတံခါးမြို့ပေါက်နားက တွေ့တဲ့တိုင်မှာ မင်္ဂလသုတ်ဂါထာတွေ ထိုးထားတယ်။ ကုန်းရိုးရွာနားက မြို့ပေါက်မှာတွေ့တဲ့တိုင်မှာတော့ ရတနသုတ်ပါဠိတော်တွေ ရေးထားတယ်။ သရေခေတ္တရာမြို့တစ်ဝိုက်ကတွေ့တဲ့ ဒီရွှေပေနဲ့ ကျောက်ပြားတွေပေါ်မှာ သက္ကရာဇ်တော့ တစ်ခုမှမပါဘူး။ ရေးထားတဲ့ အက္ခရာကိုကြည့်ပြီးတော့ပဲ ၅ ရာစု၊ ၆ ရာစု၊ ၇ ရာစုက ဖြစ်မယ်လို့ ခန့်မှန်းရတာ ဖြစ်တယ်။

ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံကိုရောက်တယ်၊ ရောက်ကတည်းက ပိဋကတ်တော်ကို ပေထက်၊ ကျောက်ထက် အက္ခရာတင်တဲ့အလေ့ ရှိတယ်ဆိုတာကို ဒီတွေ့ရှိချက်တွေနဲ့ ကောက်ချက်ချရပါတယ်။

## မွန်

သက္ကရာဇ် ၉ ရာစုမှာ သရေခေတ္တရာမှေးမှိန်ပြီး ပုဂံခေတ် ထွန်းကားလာတယ်။ ပုဂံခေတ်ရောက်တော့ အနော်ရထာမင်းက သထုံမင်းအဆက်ဆက်တို့ ကိုးကွယ်တဲ့ မွန်စာနဲ့ ပေရေးပိဋကတ်တော် အစုံ ၃၀ ကို ဆင်ဖြူ ၃၂ စီးနဲ့ ပင့်လာပြီး ပုဂံမှာ ပိဋကတ်တော်တွေကို မြန်မာအက္ခရာနဲ့ ပေပေါ်မှာ အားလုံး ရေးတင်ပါတယ်။ မွန်ကနေပြီး မြန်မာပြန်တဲ့အခါ မွန်ပိဋကတ်ကိုချည်း စိတ်မချလို့ အနော်ရထာမင်းက သီဟိုဠ်ဘုရင့်ဆီ လူစေလွှတ်ပြီး သီဟိုဠ်ပိဋကတ်ဘာစ်မှ ယူစေခဲ့၊ သီဟိုဠ်မူနဲ့လည်း တိုက်စေခဲ့ပြီးမှ ပြန်ရေးတာ ဖြစ်သတဲ့။

နောက်တော့ ပုဂံမှာ ပိဋကတ်တော်ကို ပေပေါ်ရေးတာ အလွန်များပြားလာလို့ စာရေးတဲ့လုနဲ့ ပေသမားရယ်လို့ အလုပ်သမား ၂ မျိုးရှိတဲ့အကြောင်း ပုဂံကျောက်စာတွေထဲမှာ 'စာရိယ်' တို့ 'ပိယ်သမာ' တို့ဆိုတဲ့ စကားလုံးတွေ ခဏခဏတွေ့တာကိုထောက်လို့ သိနိုင်ပါတယ်။

ပုဂံခေတ်ကစပြီး ပိဋကတ်တော်ကို ပေပေါ်ရေးတဲ့အလေ့ ထွန်းကားလာလိုက်တာ ရတနာပုံမန္တလေးခေတ်အထိပဲ ဆိုပါစို့။ ဘုရင်တစ်ပါး ထီးနန်းတက်တယ်ဆိုရင် ပိဋကတ်တော်ကို ပေထက်ရေးပြီး ပူဇော်တာဟာ ပထမဆုံးလုပ်တဲ့ ဘုရင်သစ်ရဲ့ အလေ့တစ်ခုပါပဲ။ ရှေးက ပေမှာ ကညစ်ရေး၊ မင်ရေး ၂ မျိုးပဲရှိတယ်။ လွန်ခဲ့တဲ့ အနှစ် ၃၀၀ ကျော်က နန်းစံတဲ့ (၁၆၇၃) ခု၊ ဝမ်းပဲအင်းစံမင်းလက်ထက်ရောက်တော့ ပေကို သစ်စေးသားရိုးကိုင်ပြီး ဆေးဒန်းနှင့် အက္ခရာရေး ရွှေချတဲ့ ရွှေစာရေးနည်းပေါ်လာလို့ ရွှေရေး၊ မင်ရေး၊ ကညစ်ရေးပေရယ်လို့ ပေ ၃ မျိုး ဖြစ်လာပါတယ်။



ပုဂံခေတ်မှာ ပိဋကတ်တော်ထဲက ကောင်းနိုးရာရာ မိမိကြိုက်နှစ်သက်တဲ့ ပါဠိတော်ကို ကျောက်ထက်အက္ခရာ တင်တာမျိုးတော့ ရှိတယ်။ နို့ပေမယ့် ပိဋကတ်တော် သုံးပုံစလုံး အပြည့်အစုံကို ကျောက်ထက်အက္ခရာ တင်တာတော့ မင်းတုန်းမင်းကြီးလုပ်ဆောင်တာ ပထမဆုံးပဲ ဖြစ်ပါတယ်။

## နောက်တိုးများ

ကုသိုလ်တော်ထဲမှာ ပိဋကတ်သုံးပုံစလုံးကို စကျင်က သလင်းကျောက်ဖြူနဲ့ ကျောက်ထက်အက္ခရာ တင်ပြီး ကျောက်စာဂူနဲ့ လှူဒါန်းတဲ့ ကုသိုလ်ဟာ အလွန်ထူးမြတ်တယ်၊ အစွန့်ရှည်လို့ တည်တွန်းနိုင်တယ်လို့ ပြင်းပြင်းပြပြ ယုံကြည်ကြတာနဲ့ နောက်လူတွေက သဘောကျပြီး ကိုယ်တတ်နိုင်သလောက် လိုက်ပြီး ကျောက်ထက်အက္ခရာ တင်လှူတဲ့ ကုသိုလ်တွေလုပ်ကြတာ တော်တော်များများ ပေါ်လာတယ်။

၁။ ရသေ့ကြီး ဦးခန္တီက ပိဋကတ်တော်ကိုသာမက အဋ္ဌကထာနဲ့ ဋီကာတွေကိုလည်း ကျောက်ထက်အက္ခရာ တင်သင့်တယ်လို့ ယူဆတာနဲ့ သာသနာပိုင်တောင်ခွင်ဆရာတော်အမှူးပြုတဲ့ ဆရာတော်များကို လျှောက်ထားခွင့်ပန်တယ်။ ဆရာတော်များရဲ့ ခွင့်ပြုချက် ရတဲ့အခါ အဋ္ဌကထာနဲ့ ဋီကာ စုစုပေါင်း ကျောက်စာချပ် ၁၇၇၄ ချပ်ကို ကုသိုလ်တော်အနီးက စန္ဒာမုနိဘုရားအတွင်းမှာ ၁၂၇၅ ခုနှစ်ကစပြီး စိုက်ထူစေပါတယ်။

ရသေ့ကြီး ဦးခန္တီကို အိမ်ရှေ့မင်း ကနောင်ကိုယ်တော်ကြီးရဲ့သမီး ရန်အောင်မြင်မြို့ စားမင်းသမီး သုသီရိသုဓါဝတီက မင်းတရားကြီးရဲ့ ကုသိုလ်တော်

www.burmeseclassic.com



ထဲမှာ ပိဋကတ်သုံးပုံပါဠိတော်တွေရှိရင် အိမ်ရှေ့ဘုရားရဲ့ စန္ဒာမုနိဘုရားထဲမှာ အဋ္ဌကထာနဲ့ ဋီကာတွေရှိလို့ ကောင်းပါတယ်လို့ အကြံပေး လျှောက်ထားတယ်လို့ သိရပါတယ်။

၂။ မုံရွာက လယ်တီကျောင်းတိုက်အတွင်းမှာတော့ လယ်တီဆရာတော်ဘုရား ရေးသားခဲ့တဲ့ ဗုဒ္ဓဘာသာကျမ်းစာအုပ်ပါ စာတွေကို ကျောက်စာ ရေးထွင်းပြီး စိုက်ထူ လှူဒါန်းထားကြပါတယ်။

၃။ ညောင်ရမ်းမှာတော့ မြို့မရွာက သူဌေးကုန်းဘုရားအနောက်ဘက် သားမှာ သူဌေးဦးဘိုးရန်းက အဋ္ဌကထာတွေကို ကျောက်ထက်အက္ခရာ တင်ပြီး လှူထားပါတယ်။

၄။ ရေနံချောင်းမှာတော့ ဦးသာကံဆိုတဲ့ အလှူ့ဒကာက ပိဋကတ်သုံးပုံ ပါဠိတော်နဲ့ အဋ္ဌကထာတွေကို စကျင်ကျောက်ပြားတွေပေါ်မှာ ရေးထွင်းပြီး ကျောက်စာတိုက်ကြီး ၅ တိုက် အပြည့် စိုက်ထူပြီး လှူဒါန်းထားပါတယ်။

၅၊ မင်းကင်း၊ ၆။ မိတ္ထီလာ၊ ၇။ နေပြည်၊ ၈။ မိုးကုတ်နဲ့ ၉။ ဟင်္သာတ မှာလည်း ပိဋကတ်တွေကို ကျောက်စာထွင်းထုပြီး လှူကြပါသေးတယ်။

ဟင်္သာတမှာတော့ ဟင်္သာတခရိုင် အဖျောက်၊ ဆကာကြီးရွာမှာ ဦးပွကြီး ဆိုတဲ့ လူချမ်းသာကြီးတစ်ဦးက လှူထားခဲ့တာပါ။ မန္တလေးကုသိုလ်တော်ထဲက လိုပဲ ပိဋကတ်သုံးပုံပါဠိတော်များကို ကျောက်ပြား ၇၃၀ ကျော်ပေါ်မှာ ထွင်းထု လှူဒါန်းတာ ဖြစ်တယ်။ ၁၂၉၆ ခုနှစ် (၁၉၃၄) က စထွင်းတယ်။ စစ်ကြီးပြီးမှ လုံး၀ အပြီးသတ်တယ်။

၁၀။ မိတ္ထီလာခရိုင်ထဲက သဲတောသိမ်တော်မှာလည်း ပိဋကတ်သုံးပုံကို ကျောက်စာထွင်းထုပြီး လှူထားတာ ရှိပါသေးတယ်။

၁၁။ သထုံက ရွှေစာရံဘုရားမှာတော့ နိဿယနဲ့ အဋ္ဌကထာတွေကိုချည်း ကျောက်ပြားပေါ်မှာထွင်းပြီး လှူဒါန်းထားပါတယ်။





## မိတ္ထီလာ ကျောက်စာတိုက်

မိတ္ထီလာမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ ရွှေမြင်မိ ဘုရားပရ၀ဏ်ထဲမှာ ပိဋကတ်သုံးပုံအဖွင့် အဋ္ဌကထာပါဠိတွေကို ကျောက်ထက်အက္ခရာတင်ပြီး သားသမီး ၁၁ ယောက်ရဲ့မိဘ ဦးလှိုင်နဲ့ဇနီး ဒေါ်အိမ်ငြိမ့်တို့က လှူဒါန်းထား ပါတယ်။ ဒီအလှူကို ကျောက်တံခါးတောရ စာချဆရာတော် ဦးပဏ္ဍ၀က တိုက်တွန်း လှုံ့ဆော်တဲ့အတွက် လှူတာတယ်လို့ သိရတယ်။

## ကျောက်အမျိုးအစား

မြန်မာနိုင်ငံမှာ ကျောက်ပြားပေါ်စာရေးတာ သရေခေတ္တရာခေတ်ကတည်းက ရှိခဲ့တယ်။ အဲဒီကျောက်စာတွေကို လေ့လာတဲ့အခါ ဂဠုန်ဒေသနဲ့ နီးတဲ့နေရာက ရတဲ့ကျောက်၊ ထုလို့ ထွင်းလို့ လွယ်တဲ့ကျောက်နဲ့ပဲ စာထွင်းကြတာများတယ်။ ဒါ့ကြောင့် ကျောက်စာတွေကို ကြည့်လိုက်မယ်ဆိုရင် သဲကျောက်တို့၊ လိပ်သဲ ကျောက်တို့ ဆိုတာတွေနဲ့ ထုကြတယ်။ ပုဂံခေတ် ကျောက်စာတွေဆိုရင် အများအားဖြင့် ကျောက်ဆည် တောင်တောင်ကထွက်တဲ့ ကျောက်တွေနဲ့ ထုတာ များပါတယ်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလို့ခေါ်တဲ့ ပဒုံမင်းလက်ထက်ကျတော့ မတ္တရာနယ် စကျင်တောင်ကကျောက်ကို စသုံးလာတာ တွေ့ရပါတယ်။ စကျင် ကျောက်ဟာ တကယ်တော့ ကျောက်စာထွင်းဖို့အတွက်ဆိုရင် မာအားကြီးတဲ့ ကျောက်မို့ စာထွင်းသမား မကြိုက်ဘူးပေါ့။ နို့ပေမယ့် သူက အသားကဖြူတယ်။ ဖြူသမှ ဆွတ်ဆွတ်ဖြူတယ်။ ပြီးတော့ ကောင်းတဲ့ကျောက်ဆိုရင်ဖြင့် အရည် ၀င်နေတာမို့ ကျောက်သလင်း၊ ကျောက်စိမ်းဖြူအထိ အဆင့်မြင့်မြင့်မှာ ရှိပါ တယ်။

စကျင်တောင်ဟာ မူလက ကျောက်ဖြူတောင်လို့ပဲ သိကြတယ်။ မင်းတုန်း မင်းကြီးလက်ထက်မှာ စကျင်တောင်က မိုးကုတ်ထွက်ပတ္တမြားနဲ့ခြား အရည် အသွေးကောင်းတဲ့ ကျောက်နီတွေ ရှာတွေ့လို့ ဘုရင်ကို သာဆက်ကြတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားတောင်တော်လို့ မင်းတရားကြီးက နာမည်ပြောင်းပြီး ခေါ်ဝေါ်ခဲ့ပါတယ်။ "ဒီတောင်ဟာ တောင်ထူးတောင်မြတ်ဖြစ်သတဲ့။ ဒီတောင်ကထွက်တဲ့ ဘူမိ–ဥက္ကဋ္ဌ–ပဝရသေလာ ရတနာကျောက်သလင်းထက်မှာ ဘုရားနှုတ်ကပါဠိ ပိဋကတ်တော်များကို ထွင်းထုစေတယ်။ ကျောက်မှာ ၁။ အမျက်မဏိကျောက်မျိုး၊ ၂။ ပါသာဏကျောက်မျိုးရယ်လို့ ၂ မျိုး ၂ စားရှိတဲ့အနက်က ပါသာဏကျောက်မျိုးကတော့ သူများ ရေးထိုးဖူးခဲ့လှပြီ။ အရှည်မတည် ပျက်စီးတတ်တယ်။ ဒီစကျင်တောင်က အမျက်မဏိကျောက်မျိုးကတော့ ကျောက်သလင်းမျိုးမို့ အလွန်ခိုင်ခံ့တယ်" ဆိုပြီး ဒီကျောက်ဖြူပြားကို ရွေးချယ် ထုလုပ်စေတာ ဖြစ်ပါတယ်။

မင်းတုန်းမင်းကြီးရဲ့ ယုံကြည်ချက်က ဘုရားဟောကြားခဲ့တဲ့ တရားတော်ဆိုတာ သာသနာတည်သလောက်သာ တည်တယ်။ ဒီထက်ပိုပြီး အရှည်မတည်ဘူး။ ကဿပဘုရားလက်ထက်က ဝက်တူးတဲ့ကျောက်ဂူဟာ ဂေါတမဘုရားလက်ထက်အထိ ကမ္ဘာတစ်ကပ်ကျော်ပြီး တည်တံ့ခိုင်မြဲသတဲ့။ ဒါကြောင့် ပိဋကတ်တော်တွေကို အပြည့်အစုံ အလွန်ခိုင်မယ့် ကျောက်ဖြာကြီးတွေပေါ်မှာ ထွင်းထုခဲ့မယ်။ ဒါတွေကဖြင့် "ဝိဝဋ္ဋဘာ၊ ကမ္ဘာကပ်ကျော၊ မကြေဥဒါန်း၊ စာတမ်းဆော်ကွန်း၊ တည်ထွန်းပကတိ၊ ပဋ္ဌမကပ္ပဋ္ဌိတိ၊ တည်ရှိထင်ရှား ရစ်စေခြင်းငှာ၊ နှစ်ဆယ့်လေးပါး၊ ပတ္တမြားမျိုးအပါ၊ သလင်းဘော်သား၊ ကျောက်ဖျာ ၇၂၉ ထက်၊ သေလက္ခရာ၊ ပိဋကတ်မွေကွန်နှာကို၊ သေချာစွာ ရေးထု ရိုက်သွင်း၍၊ ရွှေမင်ဝင်းဝင်း ထည့်သွင်းတော်မူ ............ " မယ်။ (နိဗ္ဗာနကထာကျူးရင့်စာ) လို့ ကမ္ဘာတည်သမျှ မပျက်မစီး တည်ရှိတဲ့ ငုံး၊ အိမ်၊ ကျူ၊ လ ကပ္ပဋ္ဌိတိ ၄ ပါး မကစေရဘူး၊ ဒီကျောက်စာတွေက ပဋ္ဌမမြောက် ကပ္ပဋ္ဌိတိ ဖြစ်ရမယ်လို့ အောက်မေ့ပြီး လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

### လုပ်ဆောင်ပုံ

စကျင်တောင်ဆိုတာ မန္တလေးမြို့ရဲ့မြောက်ဘက် အရှေ့ယွန်း ၃၂ မိုင်အကွာမှာ တည်ရှိပါတယ်။ ဒီတောင်ကြီးပေါ်က ကျောက်သားကောင်းတာ ချောတာတွေကို တူးဖော် ဖြတ်တောက်ပြီး ပထမ ကျောက်ဖျာကြီးတွေကို



ကျောက်ပြားလောင်းတယ်။ ပုံကြမ်း ဆတ်ရတယ်။ ပြီးရင် တောင်အောက်ချ၊ ရေတက်တဲ့အချိန် လှေပေါ်တင်၊ ကလမက်ချောင်းကနေပြီး ဧရာဝတီမြစ်ကိုဝင်တဲ့ လှေတွေနဲ့စုန်ခဲ့ပြီး မန္တလေးဆိပ်ကိုအရောက်လာ၊ မန္တလေးဆိပ်ကမ်းကမှ နန်းတော်ထဲကိုသွင်းပြီး ကျောက်ပြားတွေကို ပထမဆုံး ရွှေဘော်ထိုး ချောကြရတယ်။ ချောပြီဆိုတော့ ထွင်းလိုတဲ့စာကို ခဲနဲ့ရေးကြရတယ်။ ရေးပြီးရင် မှန်မမှန် စာနဲ့တိုက်ကြရတယ်။ မှန်ပြီ ဆိုတဲ့အခါ လက်တတ်ကျောက်ဆတ်သမား ၅၀ ကျော်နဲ့ ထွင်းပါတယ်။ ထွင်းပြီးရင် ထွင်းတဲ့စာများ မှန်မမှန် တစ်ကြိမ် စာတိုက်ပြန်ပါတယ်။ မှန်ကန်တဲ့အခါ မင်နဲ့ လိုက်ထပ်ရပါတယ်။



စကျင်ကျောက်တောင်ပေါ်က ကျောက်တွင်းကြီးတစ်တွင်း

ကျောက်ပြားပေါ်မှာ ပထမဆုံး ထွင်းမယ့်စာကို ရေးတော့ ကျောရော ဝမ်းပါ ၂ မျက်နှာ ရေးရတာမို့ လက်ရေးလည်း ကောင်းတယ်၊ မြန်လည်းမြန်တယ်ဆိုရင် ၃ ရက်ကြာ ရေးရတယ်။ လက်ရေးကောင်းပေမယ့် နှေးတယ်ဆိုရင် ၅ ရက်ကြာ ရေးရတယ်။ ရေးပြီးလို့ စာတိုက်ပြီးပြီ၊ မှန်ပြီ၊ ထုတော့ဆိုရင် စာထုမြန်တဲ့လူဟာ တစ်နေ့ကို ၁၅ ကြောင်း၊ ၁၆ ကြောင်းပြီးအောင် ထုနိုင်တယ်။ နှေးတဲ့လက်က တစ်နေ့ ၁၀ ကြောင်း ပြီးပါတယ်။ စာတစ်မျက်နှာမှာ စာကြောင်းရေ ၈၀ ကနေ ၁၀၀ ကျော်အထိ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တော်ထဲက မင်းတရားကြီး ကုသိုလ်ကျောက်ပြားတွေရဲ့ အဆင့်အတန်း အနေအထားကို ကနေ့ ကျောက်ဆစ်လုပ်ငန်းနယ်မှာ ရှိနေကြတဲ့ ပညာသည်တွေကို မေးကြည့်တဲ့အခါ ကျောက်သားအနေနဲ့လည်း ကျောက်ဆင်းတုတော်များထုတဲ့ အဆင့်ရှိတဲ့ အသားကောင်းတဲ့ကျောက်သား ပထမတန်းတွေ ကုသိုလ်တော်ကျောက်စာတွေမှာ အားလုံးမဟုတ်သော်လည်း အများကြီးပါတယ်။ ကျောက်သားပွတဲ့ ညံ့တဲ့ ကျောက်ချပ်က နည်းတယ်လို့ ပြောပြပါတယ်။

ကျောက်စာထုတဲ့ လက်ရာအနေနဲ့ကော ဘယ်လိုနေပါသလဲ။ ထုကြရတာ မင်းမိန့်နဲ့မို့ လက်ရာဟာ တော်ရုံပဲ ရှိသလား၊ ကောင်းသလား လို့မေးတော့ လှမြင်ကွင်းမှာထားတဲ့ ကျောက်စာရဲ့လက်ရာတွေက အကောင်းဆုံး၊ လှနဲ့ ဆေးကု အပြင်တံတိုင်းထဲက ကျောက်စာတွေက တချို့လက်ရာ နည်းနည်းပါးပါး သိဘာ ညံ့တာ ပါတယ်လို့ ပြောပါတယ်။ လက်ရာကောင်းတယ်ဆိုတာက ကျောက်ပြားကြီးမျက်နှာပြင် ညီညာနေတာရယ်၊ ထွင်းထားတဲ့စာလုံး အတိမ် အနက်သိတာ၊ စာရဲ့နှုတ်ခမ်းအကျဉ်းအကျယ်ညီတာကို လက်ရာကောင်းတယ် လို့ပြောတာပါ၊ လက်ရာ ကောင်း မကောင်း သိချင်ရင် ဖယောင်းလုံးနဲ့နှိပ်ကြည့် ရင် သိပါတယ်၊ ကုသိုလ်တော် ကျောက်စာတွေထွင်းတဲ့ အချိန်တုန်းကလည်း ဒီနည်းနဲ့ လက်ရာကို စစ်ခဲ့ပါသတဲ့။

မှော်မိထဲက အင္ဂကထာနဲ့ ဋီကာတွေထုထားတဲ့ ကျောက်စာတွေကတော့ ကျောက်သားအနေနဲ့လည်း ကုသိုလ်တော်ကျောက်ပြားကို မမီဘူး။ လက်ရာ အနေနဲ့လည်း မမီဘူး၊ တချို့လက်ရာ တော်တော်ညံ့တယ်လို့ သိရပါတယ်။ လယ်တီကျောက်စာကတော့ စာလုံးကြီးတယ်၊ ကျဲတယ်။ ကျောက်ပြားပေါ်မှာ စာထွင်းတဲ့အခါ တကယ်လို့ မှားယွင်းပြီး ထုမိတယ်၊ စာကျနေရစ်တယ် ဆိုတာမျိုးရှိလို့ ပြင်ချင်ရင် ဘယ်လိုလုပ်ရသလဲဆိုတော့ မှားတဲ့နေရာတစ်ဝိုက်ကို တံစဉ်းနဲ့ စာလုံးကုန်အောင် စားပစ်လိုက်ရတယ်။ တစ်လုံးမှားရင် တစ်ထွာလောက် စားပစ်လိုက်၊ ပြီးမှ အားလုံးအသစ်ပြန်ထု၊ ဒါမှ အမှားပြင်တာကို လူ့မျက်စိက မမြင်ဘဲရှိတယ်။ လက်ဖဝါးနဲ့စမ်းမှသာ အဲဒီအနားတစ်ဝိုက်ရဲ့ မျက်နှာပြင်က နည်းနည်း နိမ့်တယ်၊ ချိုင့်တယ် ဆိုတာ သိနိုင်တယ်။ ဒီနည်းနဲ့ ပြင်ရပါတယ်။





ကုသိုလ်တော် ပိဋကတ်ကျောက်စာတွေကို ၁၂၂၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ (၁၄–၁၀–၁၈၆၀) နေ့ကစပြီး နန်းတော်ထဲက ကြီးကျယ်ခမ်းနားတဲ့ တန်ဆောင်းကြီးထဲမှာ စထုတယ်။ ၁၂၃၀ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ (၄–၅–၁၈၆၈) မှာ အားလုံး ပြီးစီးပါတယ်။ ၇ နှစ်၊ ၆ လနဲ့ ၁၄ ရက် ကြာတယ်။ ပိဋကတ်တော်တွေကို ကျောက်ထက်အက္ခရာတင်တာနဲ့ ပဥ္စမသင်္ဂါယနာ တင်တာ အတူတူ မဟုတ်ပါဘူး၊ တခြားစီပါ။ ပဥ္စမသင်္ဂါယနာတင်ပွဲက ၁၂၃၃ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ နှစ်ဆန်းတစ်ရက်၊ (၁၅–၄–၁၈၇၁) စနေနေ့ကစပြီး သံဃာတော် ၂၄၀၀ နဲ့ ပိဋကတ်သုံးပုံကို ဝိနည်းတော်ကစပြီး နေ့ညမစဲ ရွတ်ဖတ်သရဇ္ဈာယ်တာ အဲဒီနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ (၁၂–၉–၁၈၇၁)၊ အင်္ဂါနေ့မှာ ပြီးတယ်။ ၅ လနဲ့ ၃ ရက် ကြာပါတယ်။ ဒါ့ကြောင့် ပဥ္စမသင်္ဂါယနာတင်တာက ကျောက်ထက်အက္ခရာတင်ပြီး ၃ နှစ်ကြာမှ ပြုလုပ်တာ ဖြစ်ပါတယ်။

## ကုသိုလ်တော်မှ

မင်းတုန်းမင်းကြီးရဲ့ ပိဋကတ်သုံးပုံပါဠိတော်တွေဟာ စိုက်ထူပြီးလို့ နှစ်ပေါင်း ၃၀ ကျော် ကြာရှိတဲ့အခါ ပထမဆုံးအကြိမ်အဖြစ် စက္ကူစာရွက်ပေါ်ကို ရောက်ရှိလာပြီး စာအုပ်ကြီးများအဖြစ်နဲ့ ထွက်ပေါ်လာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထက်ကနေပြီး စက္ကူထက်ရောက်အောင် ဆောင်ကြဉ်းသူကတော့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ရှင် မစ္စတာပီ (ဖီးလစ်) အိပ်ချ် ရစ်ပလေ ပါ။

ပိဋကတ်သုံးပုံစလုံးက ပါဠိတော်တွေကို ရှိုင်ရယ်ရှစ်ချိုးဆိုက်နဲ့ စာမျက်နှာ ၄၀၀ တစ်ဝိုက်မှာရှိတဲ့ စာအုပ်ကြီး ၃၈ အုပ် ရိုက်နှိပ်ရပါတယ်။ မစ္စတာ ရစ်ပလေက ဒီ ပိဋကတ်တော်တွေကို ပထမဆုံး စက္ကူထက်မှာ အက္ခရာတင်မယ်၊ စက်တင်ပုံနှိပ်မယ်လို့ စိတ်ကူးတဲ့အခါ တချို့က ပိဋကတ်တော်မို့ လူတွေ မလေးမစားလုပ်ကုန်ရင် ငရဲကြီးမယ်၊ အဂါရဝဖြစ်မယ်ဆိုပြီး သဘောမတူဘူး၊ ကန့်ကွက်တယ်။ ဒါကြောင့် တောင်ခွင်သာသနာပိုင်ဆရာတော်ကို မေးမြန်း လျှောက်ထား အခွင့်ပန်တော့ သာသနာပိုင်က သဘောကြိုက်ညီလို့ ပုံနှိပ်ဝံ့တာပါ။

မစ္စတာ ရစ်ပလေဟာ ဒီ ပိဋကတ်တော်ပါဠိကို ဖြစ်ကတတ်ဆန်း မရိုက်နှိပ်ဘဲ စာပြင်ဆရာတွေ အဆင့်ဆင့် အထပ်ထပ်နဲ့ တည်းတိုက်တဲ့အပြင် နောက်ဆုံးပရုကို မန္တလေးကုသိုလ်တော်ဘုရားထဲ စေလွှတ်ပြီး ကျောက်စာမူနဲ့ တိုက်ဆိုင်ပြီးမှ ရိုက်နှိပ်ပါတယ်။ သက္ကရာဇ် ၁၉၀၀ ပတ်ဝန်းကျင်က စက်တင်တဲ့ အဲဒီ ပိဋကတ်တော်စာအုပ်တွေမှာ ........

"မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ကုသိုလ်တော် ကျောက်ထက်အက္ခရာမူတော်" ဆိုတဲ့ စာတန်း စာအုပ်ဖုံးမှာ အသေအချာ ရိုက်နှိပ်ဖော်ပြတဲ့အပြင်၊ ဥပမာ ...... စာအုပ်နာမည်က "ပဌာန်းပါဠိတော်" ဆိုရင် အဲဒီစာခေါင်းဟာ ကျောက်ပြားကြီးပေါ်မှာ ရေးထိုးထားတဲ့ လက်ရေးအတိုင်း ကူးယူတဲ့စာလုံးတွေ ဖြစ်ပါတယ်။

မစ္စတာ ရစ်ပလေက ကျောက်စာမူနဲ့ အယွင်းအတိမ်းမရှိရအောင် အထူး ဂရုစိုက်ပုံတွေကို ဟံသာဝတီ ဦးဘရင်တို့လို သူ့တိုက်မှာ စာပြင်ဆရာလုပ်ခဲ့ဖူးသူတွေက ခိုင်ခိုင်မာမာပြောပါတယ်။ ဟံသာဝတီဟာ စာကို တစ်လုံးချင်း ပေါင်းပြီး တိုက်တာမျိုးအထိ သေချာစေ့စပ် ဂနစွာ လုပ်ဆောင်တယ်လို့ ပြောကြပါတယ်။

သူ့တိုက်ထွက် ပိဋကတ်စာအုပ်တွေကို ကြော်ငြာရာမှာလည်း "ဟံသာဝတီ တိုက်ထွက် ပိဋကတ်တော်များတွင် ကျောက်စာမူတော်နှင့်မတူ တိမ်းပါးသော



အက္ခရာတစ်လုံးကို ပြနိုင်ပါက ဆုငွေ ၅၀ိ/ ပေးပါမည်" လို့ ရဲရဲကြီး ကြော်ငြာ ရောင်းပါသေးတယ်။

ကျောက်စာမူကို တလေးတစား ဒီလို စက်တင်ပုံနှိပ် ရောင်းချတာနဲ့ ပတ်သက်လို့ မစ္စတာ ရစ်ပလေဟာ စီးပွားရေးသက်သက်ချည်း မဟုတ်ဘူး၊ သူ့မှာ သဒ္ဓါရှိသလောက်ရှိတယ်လို့ ဓာတ်သိသူတွေက ထင်ကြတယ်။ ဘာ့ကြောင့် လဲဆိုတော့ ရစ်ပလေဟာ ကျောက်ဖြူမှာမွေးတဲ့ အာမေနီယံလူမျိုး၊ သူ့အဖေ အရေးပိုင် "ထိပ်နီ" ရတနာပုံ မန္တလေးနန်းတော်မှာ ဝင်ထွက် ခစားရတော့ သူက ကလေးအဖြစ်နဲ့ နန်းတော်ထဲ ပါ ပါသွားတယ်။ သူ့ကို မင်းတုန်းမင်းကြီးက တွေ့တဲ့အခါ သဘောကျလို့ ငါမွေးစားမယ်ဆိုပြီး သူ့အဖေဆီက ဘုရင်က တောင်းထားလိုက်ပြီး မန္တလေးသံတဲကျောင်းက ဆရာမှတ်ကြီးဆီမှာ တခြားမင်းသား၊ မှူးသား၊ မတ်သားတွေနဲ့အတူ ပညာသင်စေခဲ့တယ်။ သံပင်နီကလေးနဲ့မို့ မင်းတရားကြီးက သံနီလို့ခေါ်တဲ့ ရစ်ပလေဟာ နန်းတော်ထဲမှာ ကြီးပြင်းရတာ။ အသက် ၁၇ နှစ်သားကျမှ မင်းတရားကြီးမကျန်းမာတော့ နန်းတွင်းရေးတွေ ရှုပ်ထွေးလာလို့ ကြောက်တာနဲ့ ရန်ကုန် စုန်ပြေးတာ။ မြန်မာစာနဲ့ စကားကို ရေရေလည်လည် တတ်ရုံမက ကဗျာတောင်စပ်နိုင်တဲ့ နန်းတွင်းကြီး ငယ်ကျွန်တစ်ဦး။ ဒါကြောင့် ရန်ကုန်မှာ စာပုံနှိပ်လုပ်ငန်းကို ကျကျနန လုပ်ကိုင်တဲ့အခါ မင်းတုန်းမင်းကြီး အလွန်ဂရုစိုက်ပြီး အမှားအယွင်းမရှိစေရအောင် အထပ်ထပ် တည်းတိုက် ရေးထွင်းခဲ့တဲ့ ကျောက်စာတော်မူကို မစ္စတာရစ်ပလေက သူ့အလှည့် သူ့အနေနဲ့လည်း အစွမ်းကုန် မှန်ကန်အောင် ကြိုးစားသွားခဲ့တာဖြစ်တယ်။ မစ္စတာရစ်ပလေက မင်းတုန်းမင်းကြီးကို ဘယ်အထိ လေးစားကြည်ညိုသလဲဆိုရင် သူတကာ မင်းတုန်းမင်းခေါ်တာကို သူ့နားက သည်းမခံနိုင်ဘူး။ မင်းတုန်းမင်းဆိုတာ မင်းသားဘဝက စားရတဲ့မြို့ကို အစွဲပြုပြီးခေါ်တဲ့ အိမ်နိမ့်စံ ငယ်နာမည်ပါ။ ပဉ္စမသင်္ဂါယနာတင် ရတနာပုံမြို့တည် နန်းတည် မင်းတရားကြီးလို့ခေါ်မှ မှန်ကန်တယ်လို့ သူကပြောတတ်ပြီး သူကိုယ်တိုင်ကတော့ ဘုရင်ကြီးရဲ့ သား၊ မြေး၊ ကျေးကျွန်တွေက ခေါ်သလို "ဘုန်းတော်ကြီးဘုရား" လို့ ခေါ်တဲ့လူပါ။

www.burmeseclassic.com



မဇ္ဈတာရစ်ပလေရဲ့ ဟံသာဝတီက ပိဋကတ်တော်တွေကို စက်တင်ပုံနှိပ်တယ်။ မင်းတုန်းမင်းကြီးရဲ့ ကျောက်စာတော်မူအတိုင်း သေသေချာချာ ရိုက်နှိပ်တယ်ဆိုတော့ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရာနိုင်ငံတွေက ပိဋကတ်တော်စာအုပ်တွေကို အစုံလိုက် အစုံလိုက် ဟံသာဝတီက မှာယူ ဝယ်ခြမ်းကြတယ်။

ဟံသာဝတီက ပိဋကတ်တော်စာအုပ်တွေ အလွန်ရောင်းရမှန်းသိတော့ တခြား ပုံနှိပ်တိုက်တွေကလည်း ဟံသာဝတီလိုပဲ ပိဋကတ်တော်တွေကို လိုက်ရိုက်နှိပ်ကြတယ်။

မန္တလေးမြို့ တမ္ပဒီပတိုင်းပုံနှိပ်တိုက်က ၁၉၁၂ ခုမှာ ရိုက်နှိပ်တဲ့ ပိဋကတ်တော်မှာ –

"သက္ကရာဇ် ၁၂၂၂ ခုနှစ်၌ ပဥ္စမသင်္ဂါယနာတင်တော်မူသော ရတနာပုံမြို့တည်နန်းတည် မင်းတရားကြီးဘုရား၏ ကုသိုလ်တော် ကျောက်စာတော်မူ" ဆိုတဲ့စာ စာအုပ်အဖုံးမှာ အတိအလင်း ထည့်သွင်းရိုက်နှိပ်ရုံမက ကျောက်စာဂူကို မြင်းနဲ့ခြူး ရံထားတဲ့ပုံကို တံဆိပ်အဖြစ်ထည့်သွင်းပြီး ကျောက်စာဂူတံဆိပ်လို့ သူတို့ပုံနှိပ်တိုက်တံဆိပ် ခတ်နှိပ်ပါသေးတယ်။

ဒီတိုက်ကပဲ ၁၉၁၄ ခုမှာရိုက်တဲ့ ပိဋကတ်တော်စာအုပ်မှာတော့ ပါနေကျ "ကုသိုလ်တော် ကျောက်စာတော်မူ" စာတန်းအပြင် ပုံနှိပ်တိုက်တံဆိပ်မှာ ခြူးနဲ့ မြင်းကိုလိုက်ကြတယ်ပြီး ရှင်းရှင်းလင်းလင်း ကျောက်စာဂူကြီးတံဆိပ် ခတ်နှိပ်ထားပါတယ်။

ဆက်တင် ပုံနှိပ်ရိုက်ထုတ်သမျှ ပိဋကတ်သုံးပုံ ပါဠိတော်မှန်ရင် ကုသိုလ်တော် ကျောက်စာတော်မူချည်းပါပဲ။ ဒါကိုသာ ဗုဒ္ဓဘာသာ မြန်မာရဟန်းတော်တွေ အားလုံးက အသိအမှတ်ပြုပါတယ်။

ကုသိုလ်တော်ဘုရားအတွင်းက ပိဋကတ်သုံးပုံပါဠိတော်တွေ ကျောက်ထက်အက္ခရာတင်ထားတာကို နိုင်ငံအတော်များများကပဲ တအံ့တသြနဲ့ လာရောက်ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ကြတယ်။ ဘာမှမကြာသေးခင်ကတော့ အနောက်ဂျာမနီက အဖွဲ့တစ်ဖွဲ့ မန္တလေးကုသိုလ်တော်ထဲရောက်လာပြီး ကျောက်ပြားတွေ အားလုံးကို မိုက်ကရိုဖလင်နဲ့ ဓာတ်ပုံရိုက်ယူခွင့်၊ မှတ်တမ်းတင်ခွင့် ပြုပါလို့ ကုသိုလ်တော်ဂေါပကအဖွဲ့ကို ပန်ကြားပြီး ၇ ရက်ကြာ မိုက်ကရိုဖလင်နဲ့ မှတ်တမ်းတင်သွားပါတယ်။

BURMESE CLASSIC .com



ဆဋ္ဌသင်္ဂါယနာတင်မယ် ဆိုတုန်းကတော့ သင်္ဂါယနာအဖွဲ့က သံဃာ ၁၀၀ နီးပါး ကုသိုလ်တော်ထဲက ကျောက်စာတွေနဲ့ စာလာတိုက်ကြတာ ၁ လကြာတယ်။ ဟံသာဝတီမူနဲ့ ကျောက်စာမူဟာ အကွဲအလွဲ မရှိသလောက်ဘဲတဲ့။ ကျွန်မစာတမ်းကို ဒီမှာပဲ အပြီးသတ်ပါမယ်။

အပြီးမသတ်ခင် နှစ်စဉ်ကျင်းပမြဲ ကုသိုလ်တော်ဘုရားပွဲ အစောပိုင်းက ရုပ်သေးမင်းသား ဆရာညဏ်ကြီး သီဆိုသွားဖူးတဲ့ တေးထပ်ကလေးတစ်ပုဒ်နဲ့ ၈၀ ပေါ်တစ်ပုဒ်ကိုတော့ ဖော်ပြခဲ့ချင်သေးတယ်။ ကုသိုလ်တော်ဘုရားပွဲဟာ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့က လပြည့်ကျော် ၂ ရက်နေ့အထိ ကျင်းပလေ့ရှိတယ်။ အဲဒီဘုရားပွဲမှာ ဆရာညဏ်ကြီးရဲ့ ရုပ်သေးက ပါစမြဲ။ ဘုရားတောင်ဘက်မုခ်တည့်တည့်ဟာ ဆရာညဏ်ရဲ့ စင်နေရာပဲ။ ဒီပွဲတွေမှာ ဆရာညဏ် သူကိုယ်တိုင် အထူးစပ်ဆိုတဲ့ ဒီတေးထပ်နဲ့ ဒီ ၈၀ ပေါ်ကို သီဆိုဖူးတယ်။

**မန္တလေးမြို့ အရှေ့ပြင် နန်းတော်ရှေ့ ရုပ်တန်းရုပ်**
**ရုပ်စုံဆရာ ဆရာညဏ် (နန်းတော်ရှေ့ ဆရာတင်ရဲ့ ဆရာ) ရေးစပ်တဲ့**
**မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဘွဲ့ တေးထပ်**

*မြို့၊ ကျုံး၊ သိမ်တော်၊ သုမ္မော၊ ကျောင်းသို့၊ ပြုပါကောင်းသမို့ သိုက်ဓာတ်အလာ၊ ဈကာပေါင်းလို့ သမိုက်အပ်တာမှာ၊ တိုက်ပိဋကတ်ပါစေတီမခြား။ မဟာရုံသုံးထပ် လှည့်ပတ်ရံသည်၊ ဤသဗ္ဗညုဒ္ဓါန် ဘုရင်ကိုးကွယ်သည့်ဘုရား။ အုတ်ကျစ်ကျော်အေး ကဆုန်အမည်ပေါ်၊ ပုဏ္ဏမီအကျော် ခုနစ်ရက်ပွား။ စုံညီမျှော်ကာ ညွှန်ချက်ထား၍၊ ကျားမင်းဗုဿအာရုံတော်။ သုတ်လေးရာတစ်ဆယ်၊ အဘိဓမ္မာ နှစ်ရာ့ရှစ်၊ သိစရာပြလစ် ဝိနည်းတစ်သုံးပေါ် စေတီဓာတုဘွဲ့မည် ခေါ်တလီ၊ သမိုင်းလျော်ညီစွာ သုံးဂူအလွတ်ပ၊ နှလုံးမြှုပ်ထုတ်၍ အတွင်း လေးဆယ့်နှစ်ဂူ၊ မရွေ့တစ်ရာ့ခြောက်ဆယ့်ရှစ်ဂူ၊ ငါးရာတစ်ဆယ့်ကိုး အပြင်ထပ်ဂူမှာ၊ အစဉ်မှတ်ယူပါ ခုနစ်ရာ့နှစ်ဆယ့်ကိုး။*

www.burmeseclassic.com

www.burmeseclassic.com



**ရုပ်စုံဆရာ ဆရာညက် ရေးစပ်သော**
**လောကမာရဇိန် ကုသိုလ်တော်ဘုရား ၈၀ ပေါ်တေးထပ်**

မြို့, ကျုံး, သိမ်တော်, သုမ္မော, ကျောင်းသို့၊ ပြုပါကောင်းသမို့ သိုက်မောတ်အလာ၊ စုကာပေါင်းလို့ သမိုက်အပ်တာမှာ၊ တိုက်ပိဋကတ်ပါ စေတီမခြား။ မဟာရံသုံးထပ် လှည့်ပတ်ရံသည်၊ ဤသတ္တဌာန် ဘုရင်ကိုးကွယ် သည့်ဘုရား။

(ရတုခံ)။ ။ ငါးထောင်သာသနာ၊ တည်စိမ့်ငှာဟု၊ ကိန်းလာတိုက်ဆိုက်၊ မန်းမကိုဋ်တွင်၊ နန်းစိုက်သာကိ၊ ရတနာသိရ်နှယ်၊ ဆယ်ကြိမ်ဥက္ကဋ္ဌ်၊ မောဠိနတ်နှင့်၊ သုံးထပ်ပရဝဏ်၊ မြေအမွန်မှာ၊ ရေညွန်တွက်ဆ၊ သန့်ရှပြုသော်၊ ခုနစ်ရာနှစ်ဆယ်၊ စွန်းကယ်ကိုးဆူ၊ မကိုဋ်ဂူကို၊ နိုက်လျှုပြီးလျှင်၊ ပွဲကြီးယင်သည်၊ နတ်ရှင်ပဌမ ဗျာဒိတ်လေး။ ။ အံ့ဘွယ်တည့်တည်ထား၊ လောကမာရဇိန်ဘုရား။

ဒါယကာမင်းမြတ် နတ်ထီးယှဉ်သော်၊ ရပ်ကြီးနယ်ခွင် ပြည်သူအများ။ တတ်မီးသွယ်ဆင်ကာ မသွေလှူကြြား၍၊ ရွှေစမုတ် ငှက်မနားထီးတော်ပါ။ ညလုံးပတ်လည် တိမ်မှောင်မသန်း၊ စိန်ရောင်ခြည်လျှမ်း လျှပ်ပန်းသဏ္ဌာန်ဖြာ။ တံခါးတော်လေးရပ် သံဝရံတာမှာ ဒရဝမ်လှည့်ကာ ညဥ့်နာရီအလှည့်မတော၊ ပဌမ တည်ခဲ့တဲ့မြတ်ဘုရား ဒါယကာတော်၊ နတ်တိုင်းဆိုကနော်။ ပဌမမင်းသို့ အလှုင်တခဏဆင်းလို့ လာဖူးမြော်သော်၊ သာဓုခေါ်တော်မူကြောင်းပါ ဘုရားလေး။ တာဝတိံသာဖူးကြ မာရဇိန်ဘုရားပ လာချိန်အားရ ဖူးမြော်ဆင်ကာ သံတော်ဦး တင်လျှာ ဆက်စမ်းချင်ဘုရားလေး။

ဒီစာတမ်း ဖြစ်မြောက်အောင်မြင်ရေးအတွက် ကူညီကြတဲ့ တောင်ဖီလာ ဆရာတော်၊ ဆီးဘန်းနီဆရာတော်၊ ဆရာတော် ရွှေကိုင်းသား၊ အမရပူရ ကိုပညာ၊ ကျောက်စာဝန် ဘကြီးမြ၊ ဒေါက်တာသန်းထွန်း၊ ဦးစိန်မောင်ဦး၊ ဆရာ ဦးမောင်မောင်တင်၊ တက္ကသိုလ်ပိဋကတ်တိုက်မှူး ဦးမောင်မောင် စတဲ့ လှာန်းရှင်လူ ပုဂ္ဂိုလ်တွေနဲ့တကွ ကုသိုလ်တော်ဂေါပကအဖွဲ့ကြီးနဲ့ ဦးတော၊ မောင်သန်းထွန်း၊ ကိုတော် တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြပါရစေ။

လူထုဒေါ်အမာ

**ကျမ်းကိုး**


၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး
(တတိယတွဲ၊)

၂။ စာရေးကြီး ဦးရာကျော်ရဲ့ နိဗ္ဗာနကထာ ကျူးရင့်စာ။
(၁၂၅၃ ခုနှစ်)

၃။ ဟံသာဝတီစာအုပ် ကက်တလောက်
(၁၉၆၄ – ၆၅၊)

၄။ မန္တလေးတောင်သမိုင်းသစ်
အရှင်ဓောတိကာဘိဝံသ (၁၃၃၀ ခုနှစ်)

၅။ Libraries Manucripts and Books of Burma.
by E. P. Quigly.

၆။ သရေခေတ္တရာသာသနာ၊
ဦးလှုဖေဝင်း (၁၉၅၃ ခုနှစ်)

၇။ သင်္ဂါယနာစာစောင်၊
(၁၃၁၃ ခုနှစ်)

၈။ ပဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား အတ္ထုပ္ပတ္တိတော်။
ဝက်မစွတ်ဝန်ထောက် ရေး (၁၉၃၂ ခုနှစ်)

၉။ ကုသိုလ်တော်ဘုရား စေတီတော်စာအုပ်။
ဂေါပကအဖွဲ့နှင့် မိုးဗြဲခင်မောင်ကြီး။

၁၀။ မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး။
ကန်မြို့ စစ်ကဲမင်းထင်ရာဇာ (၁၂၅၃ ခုနှစ်)


www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာရပ်ခံချက်

ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးလို့ပြောနိုင်တဲ့ ဒီ ပိဋကတ်တော်ကျောက်စာချပ်ကြီးတွေဟာ ကျောက်နဲ့ထုလုပ်ထားတဲ့ ပစ္စည်းများဖြစ်ပေမယ့် ထိခိုက်ရင် ပဲ့နိုင် ကွဲနိုင် ပျက်စီးနိုင်ပါတယ်။ စာလုံးကလေးတစ်လုံး ပျက်စီးသွားတယ် ဆိုရင်ပဲ တိုင်းတာလို့မရတဲ့ အကျိုးပျက်ပြားမှုကို ဖြစ်နိုင်ပါတယ်။

ဒါ့ကြောင့် တစ်မျိုးသားလုံး ဂုဏ်ယူစရာဖြစ်တဲ့ ဒီ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး အပျက်အစီးမရှိ အကောင်းပကတိအတိုင်း တည်ရှိနေအောင် ဝိုင်းဝန်းစောင့်ရှောက်ကြဖို့ တစ်မျိုးသားလုံးမှာ တာဝန်ရှိပါတယ်။

မပျက်မစီးစေရုံသာမက ဘုရားပရဝုဏ်တစ်ခုလုံး သန့်ရှင်းစင်ကြယ်နေစေရေး၊ အဂါရဝအမှုများ မပြုလုပ်မိကြစေရေးကိုပါ ပြည်သူတစ်ရပ်လုံးက ဂရုပြုဆင်ခြင်ကြဖို့ ကုသိုလ်တော်ဂေါပကအဖွဲ့က အထူး မေတ္တာရပ်ခံ တောင်းပန်လျက်ရှိပါတယ်။

အခုဆိုရင် ၉-၂-၇၅ ရက်နေ့က မဟာလောကမာရဇိန်စေတီတော်ရဲ့ အနောက်ဘက်မျက်နှာမှာ အုတ်အာရုံခံ တန်ဆောင်းကြီးတစ်ခုကို ငွေလေးသောင်း ကျော်အကုန်ခံပြီး မန္တလေးမြို့၊ ပွဲကုန်းရပ်နေ ဒေါ်စိန်လှနဲ့ (မောင်) ဦးပြည့်စုံ၊ (တူမ) ဒေါ်နုနု၊ (တူ) ကိုအေးမောင်တို့က ဆောက်လုပ်လှူဒါန်း အမျှပေးဝေ သွားကြပါတယ်။

အလားတူ အုတ်အာရုံခံ တန်ဆောင်းကြီးတစ်ခုကိုလည်း မန္တလေးမြို့၊ ကျောက်သွေးတန်းရပ်က ဦးစံရည် (ဇနီး) ဒေါ်ဒေါ်မယ်နဲ့ သားသမီးတစ်စု တို့က စေတီတော်ရဲ့ တောင်မျက်နှာမှာ ဆောက်လုပ်လှူဒါန်းထားပါတယ်။

နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ်ဦးမှာ ကျောက်စာဂူ ၁ လုံးစီရဲ့ အဆောက်လေးဘက်ကို သံတိုင်များစိုက်၊ လှူဝင် လှူကြည့်တဲ့ဘက်မှာ သံတံခါး တပ်ပေးပြီး သော့ခလောက်များ အခိုင်အမာတပ်ဆင်မှု စတင်ပြုလုပ်ခဲ့ပါတယ်။



မကြာခင် အားလုံးပြီးစီးပါလိမ့်မယ်။ အခိုင်အလုံပိတ်ထားပြီးဖြစ်တဲ့ ကျောက်စာများကို ကြည့်ရှုလိုသူ ဘယ်သူမဆို ဂေါပကအဖွဲ့လက်မှာရှိတဲ့ ဂူသော့များကို တောင်းယူပြီး ဖွင့်နိုင် ကြည့်ရှုနိုင်ပါတယ်။ နိုင်ငံတော်အစိုးရက ဒီကျောက်စာချပ်တွေ အားလုံးကိုလည်း မိုက်ခရိုဖလင်များ ရိုက်ယူပြီးစီးနေပါပြီ။

မင်းတုန်းမင်းတရားကြီး မူလဆောက်လုပ်လှူခဲ့စဉ်က တပ်ဆင်ထားခဲ့တဲ့ သစ်သားပန်းပုတံခါးကြီးတွေကိုများ ပြန်လည်လှူဒါန်းမယ့် ဒကာပေါ်ရင် ကောင်းလေရဲ့လို့အောက်မေ့ပြီး အုတ်အာရုံခံတန်ဆောင်းဒါယကာ ဦးစံရည်ကို ပြောပြအလှူခံတဲ့အခါ ဦးစံရည်က ငွေတစ်သောင်းကျော်ကုန်မယ့် သစ်သားပန်းပု တံခါးကြီးတစ်စုံ သူလှူဒါန်းမယ်လို့ ကတိပြုထားပါတယ်။ မင်းတရားကြီး လှူစဉ်ကတော့ ၄ မျက်နှာမှာ တံခါးကြီး ၁၂ ချပ်ရှိပါတယ်။ ခုတော့ နမူနာ ကြည့်စရာ တစ်ချပ်ပဲ ပြည့်ပြည့်စုံစုံ တောင်မျက်နှာမှာ ကျန်ပါတော့တယ်။ တကယ်လို့များ ကုသိုလ်ရှင်တွေ အစေ့အငပေါ်လာရင် ကျန်ရှိသေးတဲ့ မင်းတရားကြီးရဲ့ ကုသိုလ်တော် တံခါးဟောင်းကြီးတွေကို ပြတိုက်မှာ ဖြုတ်သိမ်းထားနိုင်ပါလိမ့်မယ်။

ဒါ့ကြောင့် အလှူဒါနပြုနိုင်စွမ်းတဲ့ ပုဂ္ဂိုလ်တွေက ရှေးမှုကို ပြန်လည် ဖော်ထုတ်ပြီး ထိန်းသိမ်းတဲ့အနေနဲ့ အလွန်လှပကျော့တယ်တဲ့ မြန်မာ့လက်ရာကို ဖော်ထုတ်တဲ့အနေနဲ့ ဒါယကာခံကြပါလို့ တိုက်တွန်းပါရစေ။

လူထုဒေါ်အမာ

BURMESE CLASSIC .com

www.burmeseclassic.com